မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၁၉)၊ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ၂၃-၁၀-၂၀၂၆၊ သောကြာနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အဂ်ါရုစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။)

(၈မှ၁၈)

လေဖိအားနည်းရုပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရုပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

မြစ်ကြီးနားမြို့ မနောကွင်း၌ သီတင်းကျွတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

မြစ်ကြီးနား အောက်တိုဘာ ၂၂

ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ အောက်တိုဘာ ၂၈ ရက်မှစတင်ကာ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချသွားမည်

ထို့ပြင် ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီအထိ မနောကွင်းအတွင်းရှိ မဏ္ဍယ်ခန်းမအတွင်းနှင့် ခန်းမရှေ့ကွင်းပြင်တို့တွင် ပြခန်းအုပ်စုနှင့် အရောင်းခန်းအုပ်စုဟူ၍ အမျိုးအစားနှစ်ခုဖြင့် ဖွင့်လှစ်ပြသ ရောင်းချသွားမည်ဖြစ်ပြီး ဖျော်ဖြေရေး အစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။

စာမျက်နှာ ၇ သို့ ○



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက် အားပေးစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား ကျောင်းသူများက ဩဝါဒခံယူပွဲ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား ကျောင်းသူများက ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ အိမ်တော် ဒုရွှေဝါခန်းမ၌ ကျင်းပဖြုလုပ်သည်။

စာမျက်နှာ ၃ သို့ ○

သီတင်းကျွတ်လပြည့်နေ့ ဆီမီးထွန်းပွဲတော်နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

မန္တလေး အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ အောက်တိုဘာ ၂၆ ရက် တနင်္လာနေ့တွင် ဆီမီးထွန်းပွဲတော်၌ စတိတ်ရှိုးနှင့် ဝေးဂိတဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဖျော်ဖြေပွဲတွင် နိုင်ငံကျော်အနုပညာရှင် မေခလာ၊ L ဆိုင်းဇီ၊ မယ်လိုဒီ၊ ရဲထွဋ်ကျော်၊ ဘိုမ(ကေတုမတီ)ချစ်ခွဲသာ၊ ပန်းလေး၊ ဇကရီစုစံ၊ ခိုင်ဇင်လင်း၊ ယွန်းမိ၊ ဇော်ထူး၊ ထက်ထက်၊ DJ Bella ၊ Dancer အဖွဲ့နှင့် မန်းစည်ပင်ခေတ်ပေါ်ဝေါဟာရဂီတအဖွဲ့တို့ အပါအဝင် နိုင်ငံကျော်အနုပညာရှင်များလည်း ပါဝင်ဖျော်ဖြေမည်ဖြစ်သည်။



အဆိုပါသီတင်းကျွတ်ဆီမီးထွန်းပွဲတော်ကို ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၃ လမ်းကြားတွင် ရောင်စုံမီးအလှများဖြင့် ထွန်းညှိသွားမည်ဖြစ်ကာ နိုင်ငံကျော်အနုပညာရှင်များ၏ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ၂၆ လမ်းတစ်လျှောက် စတုဒိသာဧည့်ခံမှု ၁၂ နေရာတွင် မြန်မာမုန့်များဖြင့် ကျွေးမွေးမှုများလည်း ပါဝင်မည်ဖြစ်သည်။

မန္တလေးမြို့တော်သူ၊ မြို့တော်သားများအနေဖြင့် ကျိုးဘေးတစ်လျှောက်တွင် ဆီမီးထွန်းပွဲတော်ကိုဖျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ရွှေမန်း

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် အောက်တိုဘာ ၂၂

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/၈လ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ သောကြာနေ့။

မြဝတီ

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရမည်

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပျက်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းဖြင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်း ၂၄၀၀ ကျော်ဖြင့် အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးလက္ခဏာကို ဖော်ပြရာတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်း၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် အနုပညာယဉ်ကျေးမှုတို့သည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ကြောင်း၊ အနုပညာသည် လူသားများ၏ စိတ်ခံစားမှု၊ အတွေးအမြင်၊ လူမှုဘဝနှင့် တန်ဖိုးထားမှုများကို ဖော်ပြပေးနိုင်သကဲ့သို့ မျိုးဆက်တစ်ဆက်မှတစ်ဆက်ကို သမိုင်းအမွေအနှစ်များအဖြစ် လက်ဆင့်ကမ်းပေးရာတွင် အရေးပါသည့်ကြားခံတစ်ရပ်လည်းဖြစ်ကြောင်း၊ မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ရှေးခေတ်လူမှုဘဝနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပျူခေတ်၊ ပုဂံခေတ်ကစပြီး ကုန်ဘောင်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာအစဉ်အလာများကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း။ ထိုသို့ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့် အရာများဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့် အမွေအနှစ်များလည်းဖြစ်ကြောင်းပြောကြားသည်။

နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာပြိုင်ပွဲများ ကျင်းပပေးရခြင်း၏ အဓိကရည်ရွယ်ချက်သည် အနုပညာရှင်များအကြား အနိုင်အရှုံးဆုံးဖြတ်ပေးရန်မဟုတ်ဘဲ အနုပညာဘာသာရပ်များကို စနစ်တကျ လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ အရည်အချင်းရှိသူများကို ဖော်ထုတ်ဖြင့်တင်ရန်၊ အနုပညာအတွေ့အကြုံများဖလှယ်နိုင်ရန်နှင့် အနုပညာအဆင့်အတန်းပိုမိုမြင့်မားလာစေရန်ပင်ဖြစ်သည်။ မျိုးဆက်သစ်များသည် ရိုးရာအနုပညာကို သမိုင်းနောက်ခံ၊ အဓိပ္ပာယ်နှင့်အနှစ်သာရများကို နားလည်သဘောပေါက်ရန်လိုအပ်မည်ဖြစ်သည်။ ထိုသို့ နားလည်သဘောပေါက်မှသာ မိမိတို့၏ဖန်တီးမှုများတွင် ရိုးရာတန်ဖိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် အနုပညာလက်ရာများကိုလည်း ဖန်တီးတင်ဆက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံး၏ရင်ထဲတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အက နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးဆိုသည့် မူဝါဒရပ်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

ပခုက္ကူမြို့၊ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ်(အလယ်တိုက်)၏ ကောဒသမမြောက် မဟာနာယကဂုဏ်ဝန်ပူဇော အလှူတော်မင်္ဂလာ ကျင်းပ

ပခုက္ကူ အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ်(အလယ်တိုက်)၏ ကောဒသမမြောက်(တစ်ဆယ့်တစ်ပါးမြောက်) မဟာနာယက ဆရာတော်ကြီး ဂုဏ်ဝန်ပူဇော်အလှူတော်မင်္ဂလာကို ယနေ့နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များနှင့် ဧည့်သည်တော်များက "နမောတဿ" သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ကြပြီး ပခုက္ကူမြို့၊ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ်(အလယ်တိုက်) မဟာနာယက ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်(ဦးခံ) ဘဒ္ဒန္တသောဘန ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ သံဃာတော်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ၊ ဂါထာတော်များ နာယူကြည်ညိုခြင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ဆရာတော်ကြီးများနှင့် အလယ်တိုက်အလုပ်အမှုဆောင်ဂေါပကအဖွဲ့များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာဖတ်ကြားခြင်း များဆောင်ရွက်ကာ ပင့်သံဃာတော် သက်တော်ရှည်ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သည်။

ထို့နောက် ပခုက္ကူမြို့၊ မဟာဝိသုတာရာမပါဠိတက္ကသိုလ်(အလယ်တိုက်)ရှိ သောတုဇန စာသင်သား သံဃာတော်များအား ပစ္စည်းလေးပါးနှဝကမ္မများ ဆက်ကပ်လှူဒါန်းကြပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

(၃၄၀)

ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစိမ်ကိန်းရန်ပုံငွေ ထုတ်ချေး

ညောင်ဦး အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစိမ်ကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူလှက မြစိမ်းရောင်ကျေးရွာစိမ်ကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်၍ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစိမ်ကိန်းလုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစိမ်ကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစိမ်ကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြင်းကပါကျေးရွာရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၇၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦး ၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၀ ဦးကို တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစိမ်ကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၃၆ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ (၄၄၅)

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ပြင်ဦးလွင်မြို့တွင် ကျင်းပမည့် သီတင်းကျွတ်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှု

ပြင်ဦးလွင် အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် ကျင်းပမည့် သီတင်းကျွတ်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား အောက်တိုဘာ ၂၁ ညနေ ၆ နာရီက ရပ်ကွက်ကြီး(၆)ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာတို့တွင် ကျင်းပပြုလုပ်မည့် သီတင်းကျွတ်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာတို့တွင် ကျင်းပပြုလုပ်မည့် သီတင်းကျွတ်ပွဲတော်အတွက် ပြင်ဆင်ထားသော အစီအမံများ၊ လုံခြုံရေးအခြေအနေများ၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် လမ်းမီးများ လင်းစေရေး စသည့် ကိစ္စရပ်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့် အဖွဲ့ဝင်များ၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဝင်း၊ မြို့နယ်လျှပ်စစ်၊ ယာဉ်ထိန်းရဲ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများမှ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၀၇)

ခရိုင်(ပြန်/ဆက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၈၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ငါးနှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲ အခမ်းအနားတွင် ဩဝါဒအမှာစကား ပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကျောင်းသား ကျောင်းသူနှစ်ဦးတို့က အမှတ်တရလက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်စဉ်။

☆ မောင်တို့မယ်တို့သည် ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ငါးနှစ်ကြာ အတူတကွ ပညာသင်ယူရင်း တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိခဲ့ကြကာ ပြည်ထောင်စုစိတ်ဓာတ်ကို ခံယူတတ်မြောက်ခဲ့ကြပြီးဖြစ်သည်ဟု ယုံကြည်

☆ တာဝန်ကျရာဒေသများတွင် တိုင်းရင်းသား ပြည်သူများအကြား ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် စည်းလုံးညီညွတ်မှုများ တိုးပွားလာအောင် မိမိတို့ကိုယ်တိုင် စံနမူနာပြပြီး ဆောင်ရွက်ကြရန် မှာကြားလို

☆ ရှေ့ဖုံးမှ

အဆိုပါ ဩဝါဒခံယူပွဲအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဩဝါဒအမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသား လူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည့် ပညာရေး ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စတင် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့ကြောင်း။

တက္ကသိုလ်အနေဖြင့် ယနေ့အချိန်အထိ သင်တန်းဆင်း ဆရာဆရာမဦးရေ စုစုပေါင်း ၁၄၆၉၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့်လည်း မကြာခင် သင်တန်းဆင်းပြီး နိုင်ငံတာဝန်ကို ထမ်းဆောင် ကြရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့သင်ယူ တတ်မြောက်ထားသည့် ပညာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချပြီး တာဝန်ကျရာဒေသမှ ကျောင်းသားလူငယ်များ၏ အနာဂတ်ကို ပုံဖော်ပေးကြရန် မှာကြားလိုကြောင်း။ ဆရာ ဆရာမ ဟူသည်မှာ စာသင်ပေးရုံသာမက တပည့်များ၏ စိတ်ဓာတ်၊ အကျင့်စာရိတ္တနှင့် ဘဝရည်မှန်းချက်များကိုပါ ပုံဖော်ပေးရသူများဖြစ်သည်ကို အမြဲသတိပြုကြစေလိုပြီး မောင်တို့မယ်တို့သည် အိုးထိန်းသည်များပင် ဖြစ်ပါကြောင်း။

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ပညာရည်ပြည့်ဝသည့် လူ့အဖွဲ့အစည်း တစ်ရပ် ပေါ်ထွန်းလာမှသာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍများတွင် ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများ၏ ပညာရေးအသုံးစရိတ်များပါ ထည့်တွက်မည်ဆိုပါက ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုရန် ခွင့်ပြုပေးထားကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်တွင် ပညာရေးအသုံးစရိတ်ကို ၁၀ ရာခိုင်နှုန်း ထက်မနည်း တိုးမြှင့်ရန်၊ နောက် တစ်နှစ်ကျော်တွင် ၁၅ ရာခိုင်နှုန်း အထိတိုးမြှင့်ရန် လျာထားပြီး မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်သည့် ကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန် ရည်မှန်းထားကြောင်းကို အသိပေးလိုကြောင်း။

ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်နိုင်ရေး၊ အလယ်တန်းပညာ ပြီးမြောက်သူများ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အထက်တန်း ကျောင်းများတွင် ဆက်လက် သင်ယူနိုင်ရေးတို့ကိုလည်း အလေးထား ဆောင်ရွက်နေကြောင်း၊ အထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်း ပညာများ သင်ယူနိုင်ရေးနှင့် အရည်အချင်း ပြည့်မီသူများကို တက္ကသိုလ် အဆင့်အထိ ဆက်လက်ပညာ သင်ယူနိုင်ရေးတို့ကိုလည်း ဖော်ဆောင်ပေးလျက် ရှိကြောင်း၊ အကြောင်း အမျိုးမျိုးကြောင့် ကျောင်းပြင်ပ ရောက်နေသည့် လူငယ်များကိုလည်း သင့်လျော်သည့်အတန်းတွင် ပြန်လည်ပညာ သင်ယူနိုင်ရေး ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ဆောင်ရွက်ပေးနေကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့ အနေဖြင့် တာဝန်ကျရာဒေသကို ရောက်ရှိသည့်အခါ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူနိုင်ရေး၊ ကျောင်းပြင်ပ ရောက်ရှိနေသူများ ပြန်လည်ပညာသင်ယူနိုင်ရေးနှင့် မိဘပြည်သူများ ပူပေါင်း ပါဝင်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

သစ်အဆွေးဖြင့် ပန်းပုထု၍ မရသကဲ့သို့ အဆင့်အတန်းမြင့် သည့်ပညာရေးကို တည်ဆောက် နိုင်ရေးအတွက်လည်း ဆရာ ဆရာမများ၏ အရည်အသွေးသည် အဓိကကျကြောင်း၊ ဆရာတစ်ဦး အနေဖြင့် မိမိတတ်မြောက်ထား သည့်ပညာရပ်များကို တပည့်များ ထံသို့ ထိရောက်စွာ လက်ဆင့် ကမ်းပေးနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင် လည်း စဉ်ဆက်မပြတ်လေ့လာ သင်ယူပြီး သင်ကြားရေးစွမ်းရည် များ မြှင့်တင်နေကြရန် မှာကြား လိုကြောင်း၊ သင်ကြားရေးတွင် အလွတ် ကျက်မှတ်စေခြင်း နည်းလမ်း တစ်ခုတည်းကိုသာ အားမကိုးဘဲ တပည့်များ၏ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဝေဖန် ဆန်းစစ်နိုင်စွမ်းနှင့် တီထွင်ဖန်တီး နိုင်စွမ်းများ တိုးတက်လာ အောင် လမ်းညွှန်ပေးကြရမည်ဖြစ် ကြောင်း၊ သင်ခန်းစာများကို လက်တွေ့ဘဝနှင့် ဆက်စပ် သင်ကြားပေးခြင်း အားဖြင့် သင်ယူထားသည့် ပညာများကို လူမှုပတ်ဝန်းကျင်တွင် လက်တွေ့ အသုံးချနိုင်လာမည်ဖြစ်ကြောင်း။

အထူးသဖြင့် **"အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့်အတိုင်း စာသင်ကျောင်း များသည် စည်းကမ်းရှိပြီး တာဝန်သိတတ်သည့် လူငယ်များ ပေါ်ထွန်းလာရေးအတွက် အခြေခံ ကျသည့် နေရာများဖြစ်ကြောင်း၊ ဆရာများသည် တပည့်များ အတွက် စံပြပုဂ္ဂိုလ်ဖြစ်သည့် အတွက် မိမိတို့၏ အပြောအဆို၊ အပြုအမူ အနေအထိုင်နှင့် ကိုယ်ကျင့်တရားများကို အမြဲ ဆင်ခြင်ကြရန်လိုပြီး တပည့် အားလုံးအပေါ် မျှမျှတတဆက်ဆံ ရန်၊ ရိုးသားဖြောင့်မတ်ရန်နှင့် စိတ်စေတနာ ထားရန်လည်း အရေးကြီးကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသား လူမျိုးများ၊ ဘာသာစကားများနှင့် ယဉ်ကျေးမှုများ မတူကွဲပြားစွာ တည်ရှိနေသည့်နိုင်ငံဖြစ်ကြောင်း၊ ယင်းမတူကွဲပြားမှု များသည် နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကြွယ်ဝစေပြီး တန်ဖိုးရှိသည့် အရင်းအမြစ်များလည်းဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား အချင်းချင်း အပြန်အလှန်နားလည် လေးစားမှု၊ ယုံကြည်မှုနှင့်စည်းလုံး ညီညွတ်မှုများကို တည်ဆောက် ကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စု စိတ်ဓာတ် ဟူသည်မှာ မိမိတို့၏ လူမျိုး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုကို ချစ်မြတ်နိုးသကဲ့သို့ အခြား တိုင်းရင်းသားများ၏ ယဉ်ကျေးမှု နှင့် ရိုးရာဓလေ့များကိုလည်း လေးစား တန်ဖိုးထားခြင်းဖြစ် ကြောင်း၊ အများအကျိုးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက် ခြင်းသည်လည်း ပြည်ထောင်စု စိတ်ဓာတ်ကို ပိုမိုခိုင်မာစေ ကြောင်း။

မောင်တို့မယ်တို့သည် ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ငါးနှစ်ကြာ အတူတကွ ပညာသင်ယူရင်း တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိခဲ့ကြကာ ပြည်ထောင်စုစိတ်ဓာတ်ကို ခံယူတတ်မြောက်ခဲ့ကြပြီးဖြစ်သည်ဟု ယုံကြည် ကြောင်း၊ ထို့ကြောင့် တာဝန်ကျရာဒေသများတွင် တိုင်းရင်းသား ပြည်သူများအကြား ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် စည်းလုံးညီညွတ်မှုများ တိုးပွားလာအောင် မိမိတို့ကိုယ်တိုင် စံနမူနာပြပြီး ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

"ယနေ့လူငယ် နောင်ဝယ် လူကြီး"ဟူသည့်အတိုင်း လူငယ် များသည် အနာဂတ်တွင် နိုင်ငံ့ တာဝန်များကို ထမ်းဆောင်ကြရ မည့် မျိုးဆက်သစ်များဖြစ် ကြောင်း၊ ထို့ကြောင့် လူငယ်များ၏ ပညာရေး၊ စိတ်ဓာတ်နှင့် အရည် အချင်း ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံအနာဂတ်အတွက် အရေး ကြီးကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ် အရေအတွက်သည် နိုင်ငံလူဦးရေ ၏ ၁၆ ရာခိုင်နှုန်းကျော်ရှိသည်ဟု တွေ့ရှိရကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

☆ စာမျက်နှာ ၃ မှ

ထို့ကြောင့် မောင်တို့မယ်တို့ အနေဖြင့် တာဝန်ကျရာဒေသမှ ရွာပုန်းသီးလူငယ်များ၏ အရည်အချင်းများကို ဖော်ထုတ်ပေးကြရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့် ကိုယ်ကျင့်တရား ပြည့်ဝစေရုံသာမက ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် လူမှုဆက်ဆံရေး ကောင်းမွန်မှုတို့တွင်လည်း ဖွံ့ဖြိုးလာအောင် ပြုစုပျိုးထောင်ပေးကြရမည်၊ လူငယ်များကို မိမိတို့၏ အနာဂတ်အတွက် ရည်မှန်းချက်ထားပြီး ကြိုးစားတတ်သူများ ဖြစ်လာအောင် အားပေးကြရမည်၊ တစ်ချိန်တည်း၌ပင် မိသားစု၊ ဒေသနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်သူများ ဖြစ်လာအောင်လည်း လမ်းညွှန်ပေးကြရန် မှာကြားလိုကြောင်း။

မောင်တို့မယ်တို့သည် မကြာမီ နိုင်ငံဝန်ထမ်းများ ဖြစ်လာကြတော့မည်ဖြစ်သဖြင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းခွင်ကျင့်ဝတ်များကို သိရှိနားလည်ပြီး လိုက်နာကြရန် လိုအပ်ကြောင်း၊ နိုင်ငံဝန်ထမ်းကောင်းတစ်ဦး၌ ရှိရမည့် ကျွမ်းကျင်မှု၊ တာဝန်ကျေပွန်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် အများပြည်သူအပေါ် စေတနာထားမှုတို့ ရှိရမည်ဖြစ်ပြီး **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမယ်"** ဟူသည့် ခံယူချက်နှင့်အညီ မိမိတို့၏ တာဝန်များကို စေတနာ၊ ဝါသနာနှင့် အနစ်နာခံမှုတို့ ပေါင်းစပ်ပြီး ထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ အထူးသဖြင့် ဆရာဆရာမများသည် ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများ၏ လေးစားအားကိုးမှုကို ရရှိထားသူများဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထား

အဓိက မှာကြားလိုသည်မှာ မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသများတွင် တပည့်များကို ပညာရည်ပြည့်ဝရုံသာမက ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဗလဟူသည့် ဗလငါးတန် ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ ဆရာ၀တ်ငါးပါးနှင့်အညီ ကျင့်ကြံနေထိုင်ပြီး တပည့်များကို အမှားအမှန် ခွဲခြားသိမြင်နိုင်ပြီး လူမှုကျင့်ဝတ်များကို လေးစား လိုက်နာတတ်သည့် လူငယ်များ ဖြစ်လာအောင် လေ့ကျင့် ပျိုးထောင်ပေးကြရန်၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားလေးစားပြီး အပြန်အလှန် ချစ်ခင်ရင်းနှီးမှု၊ စည်းလုံး ညီညွတ်မှုနှင့် ပြည်ထောင်စု စိတ်ဓာတ်များ ပိုမိုခိုင်မာလာအောင် ပိုင်းဝန်း ဆောင်ရွက်ကြရန် လိုကြောင်း၊ မောင်တို့မယ်တို့သည် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ပေးမည့် ပညာရေး၀န်ထမ်းများ ဖြစ်ကြသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး မိမိတို့တတ်မြောက်ထားသည့် ပညာသင်ကြားရေး အတတ်ပညာနှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်၊ မိမိတို့ကျရာ တာဝန်များကို သစ္စာရှိရှိ၊ စေတနာအပြည့်ဖြင့် ကျေပွန်အောင်ထမ်းဆောင်ကြရန် အလေးအနက်တိုက်တွန်း လိုကြောင်း၊ မောင်တို့မယ်တို့ အားလုံး အနာဂတ်နိုင်ငံတော်အတွက် အားထားရသည့် နိုင်ငံသားကောင်းရတနာများ ဖြစ်ကြပါစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ငါးနှစ်သင်တန်း အမှတ်စဉ် (၈)မှ ကျောင်းသား ကျောင်းသူများ ကိုယ်စား ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပံဝိုက်ပိုင်း အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်မှရှမ်းတိုင်းရင်းသူမမေသွယ်ဖူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ ကျောင်းသား ကျောင်းသူနှစ်ဦးတို့က အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများ၊ ကျောင်းသားကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်၊ ဆန်များထောက်ပံ့ပေးအပ်

ကန့်ဘလူ အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် ၁၆ ခု တင်ဆဲ့ တိုင်းရင်းဆေးရုံတို့ပူးပေါင်း၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်ဆန်များ ထောက်ပံ့ပေးအပ်ခြင်း၊ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို အောက်တိုဘာ ၂၁ ရက်နံနက် ၇ နာရီခွဲက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံး၌ ဆောင်ရွက်သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ကန့်ဘလူမြို့နယ် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဇင်နှင့် ကျန်းမာရေး၀န်ထမ်းများ၊ ခုတင် (၁၆)ဆဲ့တိုင်းရင်းဆေးရုံအုပ်ဒေါ်သန်းသန်းလတ်နှင့်ဝန်ထမ်းများက ပင်စင်လာရောက်ထုတ်ယူသူ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးပေါင်ချိန်ခြင်း၊ သွေးတိုး၊အကြောတက်၊ ဆီးချို၊ နှလုံး၊ ခါးနာ၊ ဒူးနာ စသည့် ကျန်းမာရေးဆိုင်ရာများကို စစ်ဆေးခြင်း၊ ဆေးကုသပေးခြင်း၊ ရောဂါ၀ေနာရှင်အလိုက် ဆေး၀ါးများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည်များကို စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်လွင်မာအေးတို့က ဆေးကုသပေးနေမှုများ၊ ဆန်ဖြန့်ဝေနေမှုများကို လာရောက်ကြည့်ရှုပြီး ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဝင်များက အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

အောင်ဝင်းဇော်မိုး(ကန့်ဘလူ)

o–o–o–o–o

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်း) သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့သို့ ငွေလှူဒါန်း၊ ကျန်းမာရေးစစ်ဆေး

မန္တလေး အောက်တိုဘာ ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)သက်ကြီးဆရာဝန်များထောက်ကူပြုအဖွဲ့သို့ ငွေလှူဒါန်းပွဲကို အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၁လမ်းနှင့် လမ်း၇၀ ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) ရုံးနေရာတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဒေါက်တာသင်းကြူအေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မူးယစ်ဆေးရုံဆရာဝန်ကြီး(ငြိမ်း)ဒေါက်တာခင်မောင်ဆွေက အသက်(၈၀)ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့သို့ ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သို့ ငွေကျပ် ၁ သိန်း လှူဒါန်းရာအသင်းဥက္ကဋ္ဌ ဒေါက်တာသင်းကြူအေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်နှင့် အမှုဆောင်များက လက်ခံရယူကြသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း၊ သက်ကြီး ဆရာဝန်များထောက်ကူပြုအဖွဲ့၏အစီအစဉ်ဖြင့် အသက် (၇၀)နှစ်အထက် သက်ကြီးဆရာဝန်များအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ အောက်တိုဘာ၂၁ ရက်က အခမဲ့ကျန်းမာရေးစစ်ဆေးပေးခဲ့ပြီး နိုဝင်ဘာလပထမပတ်တွင် အထူးကု ဆရာဝန်ကြီးများက ကုသမှုများ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(ကဆ)

အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့ အမှီကလျှောချ ကြပါစို့။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု "World's Best Rice -2026" ရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင် ကျင်းပပြုလုပ်ရာ ၂၀၂၆ ခုနှစ် အတွက် ကမ္ဘာ့အကောင်းဆုံး ဆန်ဆုရရှိသည့် မြန်မာပေါ်ဆန်း



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာပေါ်ဆန်းစိုက်ပျိုးရေးသုတေသနလုပ်ငန်းအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

ဝန်ကြီးများ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ တောင်သူလယ်သမားများ၊ မြန်မာပေါ်ဆန်းထုတ်လုပ်တင်ပို့ ရောင်းချသူများ၊ အား ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ လူငယ်မောင်မယ်လေးများက "လယ်ယာမြင့်မှ စီးပွားမြင့်မယ်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ၏လယ်ယာစိုက်ပျိုးရေး ကဏ္ဍအတွက်သာမက နိုင်ငံသူ နိုင်ငံသားများအတွက်ပါ ဂုဏ်ယူ ဝမ်းမြောက်ဖွယ်ရာ အောင်မြင်မှု တစ်ရပ်ကို ဂုဏ်ပြုသည့် အခမ်း အနားဖြစ်သကဲ့သို့ မြန်မာ့ပေါ်ဆန်း ဆန် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်း စဉ်များအတွက် ဆွေးနွေးတိုင်ပင် ကြမည့် အလုပ်ရုံဆွေးနွေးပွဲ လည်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလ ၉ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် နိုင်ငံတကာ ဆန်စပါးညီလာခံတွင် **မြန်မာ့ပေါ်ဆန်းနွေးဆန်သည် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World's Best Rice-2026) ကို ဒုတိယအကြိမ်ဆွတ်ခူးရရှိခဲ့ခြင်း**သည် မိမိတို့တစ်နိုင်ငံ လုံးအတွက် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှု တစ်ရပ်လည်းဖြစ် ကြောင်း၊ မြန်မာ့ပေါ်ဆန်းသည် ကမ္ဘာ့အဆင့်အတန်းမီ ဆန်မျိုး ကောင်းဖြစ်သော်လည်း အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံတကာ စျေးကွက်တွင် သတင်းမိုနိုခဲ့ရ ကြောင်း၊ ထို့ကြောင့် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်ဟု သတ်မှတ်ပြီး ကမ္ဘာ့စျေးကွက် ဝင်နိုင်ရေးအတွက် လှုံ့ဆော်ခဲ့ရာ တွင် တာဝန်ရှိသူအသီးသီး၏ ကြိုးပမ်းအားထုတ်မှုကြောင့် ယခု ကဲ့သို့ ကမ္ဘာ့အကောင်းဆုံးဆန် အဖြစ် သတ်မှတ်ခြင်းခံခဲ့ရခြင်း လည်းဖြစ်ကြောင်း၊ ထိုဆုကို ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ် ရရှိခဲ့ပြီး ယခု ၁၅ နှစ်အကြာတွင် ဒုတိယအကြိမ် ထပ်မံဆွတ်ခူးနိုင် ခဲ့ခြင်းသည် မြန်မာ့ပေါ်ဆန်း၏ အရည်အသွေး၊ မွေးရန်နှင့် အရသာတို့ကို နိုင်ငံတကာက ထပ်မံ အသိအမှတ်ပြုလိုက်ခြင်း ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရှေးနှစ်ပေါင်း ထောင်ချီကတည်းက စပါးစိုက်ပျိုး ထုတ်လုပ်လာခဲ့သည့် သမိုင်း ကြောင်းရှိပြီး စပါးမျိုးဗီဇအရင်း အမြစ် ကြယ်ဝသည့်နိုင်ငံတစ်နိုင်ငံ လည်းဖြစ်ကြောင်း၊ ပေါ်ဆန်းမွေး ငင်ခဲ့စဉ်က မွေးရန့်နှင့် စားသုံးမှု အရည်အသွေး ကောင်းမွန်သည့် စပါးမျိုးကွဲများကို ပိုင်ဆိုင်ထား ခြင်းသည် တနိုဖိုးမဖြတ်နိုင်သည့် သဘာဝ အမွေအနှစ်တစ်ရပ်ဖြစ် ကြောင်း၊ မြန်မာ့ပေါ်ဆန်း၏ မူရင်း ဒေသသည်ရောတတီတိုင်းဒေသကြီး ဖြစ်ပြီး ၁၉၄၄ ခုနှစ်က မြောင်းမြ စိုက်ပျိုးရေးဒေါ်တွင် မျိုးရွေးချယ် စိုက်ပျိုးမွေးမြူသည့် နည်းစနစ် ဖြင့် ပေါ်ဆန်းမွေးမျိုးကို စတင် မွေးမြူခဲ့ခြင်းဖြစ်သဖြင့် ယနေ့ ဆိုပါက နှစ်ပေါင်း ၈၀ ကျော်ကြာ သမိုင်းကြောင်း ရှိလာပြီဖြစ် ကြောင်း၊ နောက်ပိုင်းတွင် ဒေသ အလိုက်မျိုးကွဲများ ဖြစ်ထွန်းလာခဲ့ ပြီး မြောင်းမြ၊ ဖျာပုံ၊ ပုသိမ်၊ ရေကြည်နှင့် ရွှေဘိုပေါ်ဆန်းတို့ သည် ထူးခြားသည့်အရသာနှင့် မွေးရန့်တို့ကြောင့် လူသိများလာ ကြကြောင်း။

ကမ္ဘာ့ဆန်စပါး စျေးကွက်ကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံ တကာတွင် ဂျပန်နိုင်ငံ၏ အရည် အသွေးမြင့်ဆန်များ၊ ထိုင်းနိုင်ငံ၏ Hom Mali ဆန်၊ အိန္ဒိယနိုင်ငံ၏ Basmati ဆန်နှင့် ဗီယက်နမ်နိုင်ငံ ၏ ST25 တို့သည် သက်ဆိုင်ရာ နိုင်ငံ၏ ထူးခြားသည့် ဆန်အမျိုး အစားများအဖြစ် အသိအမှတ်ပြု ခံရပြီး စျေးကွက်တန်ဖိုးတစ်ရပ်ကို တည်ဆောက် ထားနိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာ့ပေါ်ဆန်းသည် မြန်မာနိုင်ငံ ၏ ဂုဏ်သိက္ခာကို ဖော်ဆောင်နိုင် သည့် အမျိုးသားအဆင့် အရည် အသွေးမြင့် ထုတ်ကုန်တစ်ခု (National Brand) ဖြစ်လာစေရန် မိမိတို့အားလုံး ကြိုးပမ်းဆောင် ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် သွားရောက်ခဲ့သည့် (ရုရှား၊ တရုတ်၊ ဗီယက်နမ်) နိုင်ငံခြား ခရီးစဉ်များ၌လည်း နှစ်နိုင်ငံ စီးပွားရေးဖိုရမ်များတွင် အခွင့်အခါကြုံသည့်အခါများတွင် မြန်မာ့ပေါ်ဆန်း ဆန်အကြောင်း တန်ဖိုးမြှင့် ဖော်ထုတ်ပေးခဲ့သည် ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရှေးယခင် ကတည်းက ဆန်စပါးထုတ်လုပ် တင်ပို့မှုတွင် ထင်ရှားခဲ့ပြီး **"အာရှ တိုက်၏ ဆန်အိုးကြီး"** ဟုပင် တင်စား ခေါ်ဝေါ်ခဲ့ကြကြောင်း၊ **၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် တစ်နိုင်ငံလုံးပေါ်ဆန်းစပါး ဧက ၁ ဒသမ ၃ သန်းခန့် စိုက်ပျိုးခဲ့ပြီး တင်းပေါင်း ၇၈ သန်းကျော်ထွက် ရှိခဲ့သည်ဟု သိရကြောင်း၊** အရည် အသွေးမြင့် ပေါ်ဆန်းဆန်များကို Premium Rice အဖြစ် တင်ပို့နိုင် မည်ဆိုပါက နိုင်ငံခြားဝင်ငွေ တိုးတက်လာမည် ဖြစ်သကဲ့သို့ တောင်သူလယ်သမားများအတွက် လည်း ထိုက်တန်သည့် ဈေးနှုန်း နှင့် ဝင်ငွေရရှိစေနိုင်မည်ဖြစ် ကြောင်း။

မြန်မာ့ပေါ်ဆန်း၏ အရည် အသွေးကို ရေရှည်ထိန်းသိမ်းနိုင် ရန်အတွက် မျိုးကောင်းမျိုးသန့် များ ရွေးချယ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးချိန်တွင် အရည်အသွေး ထိန်းသိမ်းရေးတို့သည် အလွန် အရေးကြီးကြောင်း၊ ဆန်အရည် အသွေး ထိန်းနိုင်ရန်အတွက် မြေနှင့်ရာသီဥတုသည် အထူးပင် အရေးကြီးသဖြင့် အလေးထားရန် လိုကြောင်း၊ ရေမြေ၊ ရာသီဥတု၊ အထွက်နှုန်း၊ စားသုံးမှုအရည် အသွေးနှင့် ဈေးကွက်လိုအပ်ချက် များကို အခြေခံပြီး သင့်လျော်သည့် မျိုးများကို စနစ်တကျ ရွေးချယ် ထုတ်လုပ် ဖြန့်ဖြူးသွားရမည်ဖြစ် ကြောင်း၊ ကျန်မျိုးကွဲများကိုလည်း အနာဂတ်မျိုးမွေးမြူရေးလုပ်ငန်း များအတွက် မျိုးစေ့ဘဏ်တွင် စနစ်တကျ ထိန်းသိမ်းထားရန် လိုအပ် ကြောင်း။

အဆိုပါ လုပ်ငန်းစဉ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ဦးဆောင်ပြီး သုတေသီများ၊ ပညာ ရှင်များ၊ တောင်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ

စာမျက်နှာ ၆ သို့ ★

- **မြန်မာ့ပေါ်ဆန်း၏ အရည်အသွေးကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးချိန်တွင် အရည်အသွေး ထိန်းသိမ်းရေးတို့သည် အလွန်အရေးကြီး၊ ဆန်အရည်အသွေး ထိန်းနိုင်ရန်အတွက် မြေနှင့် ရာသီဥတုသည် အထူးပင်အရေးကြီးသဖြင့် အလေးထားရန်လို**
- **ရေမြေ၊ ရာသီဥတု၊ အထွက်နှုန်း၊ စားသုံးမှုအရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်များကို အခြေခံပြီး သင့်လျော်သည့် မျိုးများကို စနစ်တကျ ရွေးချယ်ထုတ်လုပ် ဖြန့်ဖြူးသွားရမည်၊ ကျန်မျိုးကွဲများကိုလည်း အနာဂတ်မျိုးမွေးမြူရေးလုပ်ငန်းများအတွက် မျိုးစေ့ဘဏ်တွင် စနစ်တကျ ထိန်းသိမ်းထားရန် လိုအပ်**

★ စာမျက်နှာ ၅ မှ

ပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တစ်ချိန်တည်း၌ စိုက်ပျိုးရေး၊ ရေသွင်းရေထုတ်ခြင်း၊ မြေဆီလွှာပြုပြင်ခြင်းနှင့် ပိုးမွှားရောဂါ ကာကွယ်ခြင်းများတွင် သိပ္ပံနည်းကျ နည်းပညာများ အသုံးချပြီး ထုတ်လုပ်မှုစရိတ် လျော့ချရေးနှင့် အရည်အသွေး တည်ငြိမ်ရေးကို အလေးထား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့အပြင် Digital Agriculture၊ Precision Agriculture နှင့် အချက်အလက်အခြေပြု စိုက်ပျိုးရေးနည်းပညာများကို မိမိတို့နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီအောင် အဆင့်လိုက် အသုံးချသွားရန် လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှ တစ်ဆင့် ဆွေးနွေးတိုင်ပင်ပြီး အဆင့်လိုက် Action Plan များ ရေးဆွဲသွားကြရန်လိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာပေါ်ဆန်းဖွံ့ဖြိုးရေး စဉ်ဆက်မပြတ်ကြိုးပမ်းမှု ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

သုတေသန ကဏ္ဍတွင်လည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ JICA နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များမှ ရာသီမရွေးစိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းကောင်းမွန်ရန် **"ရေဆင်းပေါ်ဆန်း-၁"** နှင့် **"ရေဆင်းပေါ်ဆန်း-၂"** မျိုးသစ်များ မွေးမြူ ထုတ်လုပ်နိုင်ခဲ့သည်ကို အသိအမှတ်ပြုကြောင်း၊ အဆိုပါ ရလဒ်များကို တောင်သူများ၏ လယ်ကွင်းများ အထိရောက်ပြီး အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ သုတေသနလုပ်ငန်းများ အခွင့်အလမ်းကောင်း တစ်ရပ် ဖြစ်ရန်လိုကြောင်း၊ ထိုအတွက် အရည်အသွေးမြင့်စပါး ထုတ်လုပ် နိုင်ရုံဖြင့် မလုံလောက်ကြောင်း၊ ထိုကဲ့သို့သည့် ဈေးနှုန်းရရှိရန်၊ ထုတ်လုပ်မှုစရိတ် လျော့ချနိုင်ရန် နှင့် ဈေးကွက်ကို တိုက်ရိုက် ချိတ်ဆက်နိုင်ရန်လည်း အရေးကြီး ကြောင်း၊ ထို့ကြောင့် တောင်သူ အစုအဖွဲ့များ ဖွဲ့စည်းပြီး စုပေါင်း စိုက်ပျိုး၊ စုပေါင်းဝယ်ယူ၊ စုပေါင်း ရောင်းချသည့်စနစ်ကို အားပေး ဆောင်ရွက်သင့်ကြောင်း၊ ထွက်ရှိ လာမည့်စပါးများကိုလည်း ကြိုတင် ယနေ့ နိုင်ငံတကာ ဆန်ဈေး ကွက်တွင် ထုတ်လုပ်မှုပမာဏ မြှင့်တင်ရန်လိုအပ်သကဲ့သို့ အရည် အသွေး၊ အစားအစာဘေးကင်း လုံခြုံမှု၊ ထုပ်ပိုးမှုနှင့် ကုန်အမှတ် တံဆိပ်အပေါ် ယုံကြည်မှုတို့သည် အရေးကြီးလာကြောင်း၊ ထို့ကြောင့် **"မြန်မာ့ပေါ်ဆန်း"** အမည်ကို နိုင်ငံတကာတွင် ပိုမိုအသိအမှတ် ပြုလာစေရန် အရည်အသွေး တည်ငြိမ်မှု၊ မှုရင်းဒေသအတည်ပြု နိုင်မှုနှင့် စားသုံးသူယုံကြည်မှု တည်ဆောက်နိုင်ရေးတို့ကို အခြေခံ သည့် ကုန်အမှတ်တံဆိပ် မဟာ ဗျူဟာတစ်ရပ် ချမှတ်ဆောင်ရွက် ရန်လိုအပ်ကြောင်း၊ ပေါ်ဆန်း အမည်ဖြင့် ရောင်းချသည့် ထုတ်ကုန်များတွင် မျိုးကွဲရောနှော မှုနှင့် အရည်အသွေးမမှန်ကန်မှု များမရှိစေရန်လည်း ထိန်းသိမ်း ကြရမည်ဖြစ်ကြောင်း။ ကုန်အမှတ် တံဆိပ်၏ ဂုဏ်သတင်းကို ကာကွယ်ရန်အတွက် ပထဝီဒေသ ဆိုင်ရာ အညွှန်းအမှတ်အသား စနစ်များကိုလည်း လေ့လာဆောင် ရွက်ကြရမည်ဖြစ်ကြောင်း။ ထိုသို့ ဆောင်ရွက်ခြင်းသည် မြန်မာ့ ဆန်စပါး ကဏ္ဍတစ်ခုလုံး၏ အကျိုးဝီးပွားကို ကာကွယ်ခြင်း လည်းဖြစ်ကြောင်း။

မြန်မာ့ပေါ်ဆန်းကို နိုင်ငံတကာ ဈေးကွက်တွင် ရေရှည်ရပ်တည် နိုင်ရန် ထုတ်လုပ်မှုပမာဏ တိုးမြှင့် ခြင်းအပြင် အစားအစာဘေးကင်း လုံခြုံရေး၊ အရည်အသွေးစံချိန် စံညွှန်းနှင့် ကုန်အမှတ်တံဆိပ် အပေါ် ယုံကြည်မှုတို့ကိုလည်း အလေးထားရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် Good Agricultural Practices (GAP)၊ Good Manufacturing Practices (GMP) နှင့် HACCP စသည့် စနစ်များကို လိုအပ်ချက်အလိုက် အသုံးချပြီး အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲ ခန်းများနှင့် အာမခံစနစ်များကို အားကောင်းလာအောင် ဆောင်ရွက် သွားကြရမည်ဖြစ် ကြောင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုတွင် သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုး ထားရုံနှင့် Organic Product အဖြစ် အလိုအလျောက် အသိ အမှတ်ပြုခြင်းခံရမည် မဟုတ် သည့်အတွက် သက်ဆိုင်ရာစံချိန် စံညွှန်းများဖြင့် စစ်ဆေးအတည်ပြု မှုများကိုလည်း ပြည့်မီအောင် ဆောင်ရွက်သွားကြရန် လိုအပ် ကြောင်း။

"မြန်မာ့ပေါ်ဆန်း" အမည်ဖြင့် ရောင်းချသည့် ဆန်များတွင် ဈေးကွက်ခိုင်မာစွာ ရှိနေရေး အတွက် မျိုးကွဲရောနှောခြင်းများ၊ အရည်အသွေး မမှန်ကန်ခြင်းများ မရှိစေရန် အားလုံးပါဝင်ထိန်းသိမ်း ကြရမည်၊ နိုင်ငံတကာဈေးကွက် အသစ်များကိုလည်း ဆက်လက် ရှာဖွေချဲ့ထွင်ပြီး အွန်လိုင်းဈေးကွက်၊ နိုင်ငံတကာ အစားအစာပြပွဲများ နှင့် ဟိုတယ်၊ စားသောက်ဆိုင် လုပ်ငန်းများမှတစ်ဆင့် စားသုံး သူအသစ်များဆီ ရောက်ရှိအောင် ကြိုးပမ်းကြရမည် ဖြစ်ကြောင်း၊ လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အတွက် ဆန်တင်ပို့မှု ရည်မှန်း ချက်ကို အကောင်အထည်ဖော် ရာတွင်လည်း အရည်အသွေးမြင့် ဆန်များ၏အခန်းကဏ္ဍကို မြှင့်တင် ဆောင်ရွက်သွားကြရန် လိုအပ် ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် မိမိတို့ အားလုံး ပူးပေါင်းဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့်လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့ ထုတ်လုပ်မှု၊ အရည်အသွေးမြင့် စိုက်ပျိုးဧက၊ ထုတ်လုပ်မှုစရိတ်၊ တောင်သူဝင်ငွေဖြင့် နိုင်ငံတကာ ဈေးကွက်ရရှိမှုတို့ကို အခြေခံပြီး လက်တွေ့ အကောင်အထည်ဖော် နိုင်သည့် လုပ်ငန်းစီမံချက်များ ရေးဆွဲ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

မြန်မာ့ပေါ်ဆန်းကမ္ဘာ့အကောင်း ဆုံးဆန်ဆုကို ဒုတိယအကြိမ် ရရှိ ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ လယ်ယာ စိုက်ပျိုးရေးကဏ္ဍ အတွက် ဂုဏ်ယူဝမ်းမြောက် ဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ကြောင်း၊ ယခုအောင်မြင်မှု သည် မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့စပါးမျိုးရင်းများ၏ ထူးခြား သည့်အရည်အသွေးနှင့် တောင်သူ လယ်သမားများ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ ကြိုးပမ်း အားထုတ်မှုများကို ကမ္ဘာက အသိ အမှတ်ပြုလိုက်ခြင်းဖြစ်ကြောင်း။

အဆိုပါ အောင်မြင်မှုအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် တောင်သူလယ်သမားများ၊ စိုက်ပျိုး ရေးပညာရှင်များ၊ သုတေသီ များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ပို့ကုန်လုပ်ငန်းရှင် များနှင့် သက်ဆိုင်ရာအဖွဲ့အစည်း များအားလုံးကို နိုင်ငံတော်အနေ ဖြင့် ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

ယခုရရှိခဲ့သည့် အောင်မြင်မှုကို အခြေခံပြီး မြန်မာ့ပေါ်ဆန်းဆန်၏ အရည်အသွေးကို ပိုမိုမြှင့်တင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေး၊ နိုင်ငံတကာဈေးကွက် တွင် ခိုင်မာစွာရပ်တည်ရေးနှင့် တောင်သူ လယ်သမားများ၏ ဝင်ငွေ တိုးတက်ရေးတို့အတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက် ကြရန် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှ တစ်ဆင့် တိကျသေချာသည့် ရည်မှန်းချက် များ ချမှတ်အကောင်အထည် ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

"မြန်မာ့ပေါ်ဆန်း တစ်ခေတ် ဆန်းစေရမည်" ဆိုသည့် ရည်မှန်းချက်ကို လက်တွေ့ အောင်မြင်မှုအဖြစ် ပြောင်းလဲနိုင် ရန် အစိုးရ၊ ပုဂ္ဂလိက၊ ပညာရှင်နှင့် တောင်သူဦးကြီးများ အားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း ပြောကြား သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာပေါ်ဆန်းပို့ကုန်မြှင့်တင် ရေးကဏ္ဍ၊ သုတေသနလုပ်ငန်း ကဏ္ဍ၊ ဖွံ့ဖြိုးရေးစဉ်ဆက်မပြတ် ကြိုးပမ်းမှုကဏ္ဍနှင့် စိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍ စသည့်ကဏ္ဍ အသီးသီးတို့မှ တာဝန်ရှိသူများနှင့် တောင်သူများအား ဂုဏ်ပြုဆု တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော် သမ္မတထံ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က "World's Best Rice – 2026" ဆုအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာပေါ်ဆန်းဆုရရှိမှုအခြေ အနေနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး အဓိကအမ်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်ဥက္ကဋ္ဌက မြန်မာ ပေါ်ဆန်း ပါဝင်ယှဉ်ပြိုင်မှုနှင့် ဆုရရှိမှုအား ရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက် လာကြသူများသည် 2026 International World Rice Conference ကျင်းပခဲ့သည့် Video မှတ်တမ်းအား ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ထံ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်း ဆုံးဆန်ဆုကို "မြန်မာပေါ်ဆန်း" က ရရှိမှုအထိမ်းအမှတ်အဖြစ် ဂါရဝပြုလက်ဆောင်အား နေရာ အရောက်ပေးအပ်သည်။

ထို့နောက် ဆန်စပါးမျိုးစေ့ ကဏ္ဍအတွက် အရင်းမပျောက် ရန်ပုံငွေမှ ၁ ဒသမ ၂၅ ဘီလီယံ ကျပ် လွှဲပြောင်းပေးအပ်ခြင်းနှင့် ပေါ်ဆန်းမျိုးစေ့ ထုတ်လုပ်ငန်းများ အတွက် အရင်းမပျောက်ရန်ပုံငွေ ၁ ဘီလီယံကျပ်၊ Center of Excellence(CoE)အဖြစ် ပေါ်ဆန်း မျိုးစေ့ထုတ်နှင့် သုတေသန လုပ်ငန်း ဖွံ့ဖြိုးရေးဆောင်ရွက်ရန် သရောင်းချောင်းခြံ (ပုသိမ်)နှင့် မြောင်းမြ သုတေသနခြံတို့အား ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင် မွမ်းမံခြင်းအတွက် ၁ ဘီလီယံကျပ် စုစုပေါင်း ၃ ဒသမ ၂၅ ဘီလီယံကျပ်ကို မြန်မာနိုင်ငံ

စာမျက်နှာ ၇ သို့ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

၏ အကျိုးကျေးဇူးကို တောင်သူများနှင့် မိမိတို့ပြည်သူများ အပြည့် အဝခံစားရမည်ဖြစ်ကြောင်း။

ယခုအောင်မြင်မှု၏ အဓိက မောင်းနှင်အားသည် လယ်ကွင်း ထဲ၌ ကြိုးစားစိုက်ပျိုးခဲ့ကြသည့် တောင်သူလယ်သမားကြီးများ၏ လုပ်အားနှင့် စေတနာများကြောင့် ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **တောင်သူဦးကြီးများ အားလုံးကို အထူးဂုဏ်ပြု ချီးကျူးလိုကြောင်း၊** ယခုရရှိခဲ့သည့်ဆုသည် တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက် ဝယ်ယူရေး စာချုပ်များမှတစ်ဆင့် ဆန်စက်လုပ်ငန်းရှင်များနှင့် ပို့ကုန် လုပ်ငန်းရှင်များထံ တိုက်ရိုက် ချိတ်ဆက်ပေးနိုင်မည် ဆိုပါက တောင်သူများအတွက် ဈေးကွက် အာမခံချက် ပိုမိုရရှိလာစေမည်ဖြစ် ကြောင်း၊ တောင်သူ၊ ကုန်သည်၊ ဆန်စက်လုပ်ငန်းရှင်နှင့် ပို့ကုန် လုပ်ငန်းရှင်များအကြား ခိုင်မာ သည့် တန်ဖိုးကွင်းဆက်တစ်ခု တည်ဆောက်နိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း။



မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းထံ ရန်ပုံငွေများ ပေးအပ်စဉ်။

★ စာမျက်နှာ ၆ မှ

ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာရဲတင့်ထွန်းထံ ပေးအပ်သည်။

ယင်းနောက် ပေါ်ဆန်းစိုက်ပျိုး ထုတ်လုပ်မှု တင်ပို့ရောင်းချသည့် တောင်သူများကိုယ်စား တောင်သူ တစ်ဦးက ပေါ်ဆန်းစိုက်ပျိုး ထုတ်လုပ်ရာတွင် လိုအပ်ချက်များ ကို နိုင်ငံတော်မှ ဖြည့်ဆည်းပေး ရန်လိုအပ်မှု၊ ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုး တောင်သူများအား နိုင်ငံတော်မှ ချိုးဖြင့်ပေးမှုများအတွက် ကျေးဇူး တင်စကားတို့ကိုပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက် လာကြသူများသည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက် လာကြသူများသည် မြန်မာပေါ်ဆန်း ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့မှု မှတ်တမ်း ဓာတ်ပုံများပြခန်း၊ မြန်မာ ပေါ်ဆန်း၊ ပေါင်းဆန်၊ ဆန်ဖြူနှင့် ဆန်ကွဲ ပြည်ပတင်ပို့မှု မှတ်တမ်း ဓာတ်ပုံများပြခန်း၊ စပါးသီးနှံ သုတေသန လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု ပြခန်း၊ ပဲသီးနှံ၊ ပြောင်းသီးနှံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သုံးသီးနှံများ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု ပြခန်း၊ ရော်ဘာ၊ ဆီအုန်းနှင့် ကော်ဖီသီးနှံများ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု ပြခန်းများ အား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို အား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး သွားရောက်တွေ့ဆုံ

မင်္ဂစ် အောက်တိုဘာ ၂၂

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုအား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော်အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။



အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသော အဖွဲ့ဝင်များတက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့်အတူ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် အမျိုးသားလွှတ်တော်နိုင်ငံတကာရေးရာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr. Sergei ALEINK တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် အပြန်အလှန်ခရီးစဉ်များမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းအသစ်များကို ဖန်တီးပေးနိုင်ခဲ့မှု၊ နှစ်နိုင်ငံ အစိုးရအဖွဲ့ချင်းသာမက နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်ပူးပေါင်း၍ ကဏ္ဍစုံကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်နေမှု၊ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်နားလည်မှုနှင့် အားပေးကူညီမှုများကို နှစ်နိုင်ငံအတွက်သာမက နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂ မျက်နှာစာတွင်ပါ မြန်မာနိုင်ငံဘက်က ရပ်တည်ပေးခဲ့မှု၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပအာရှစီးပွားရေး သမဂ္ဂ (EAEU)၊ ရုန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SOC)နှင့် BRICS တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ဆက်လက်ကူညီထောက်ခံ ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက နှင့်အဖွဲ့သည် Great Stone China–Belarus Industrial Park သို့ သွားရောက်လေ့လာကြသည်။

အဆိုပါ Great Stone China–Belarus Industrial Park တွင် ခေတ်မီနည်းပညာများ အသုံးပြုသော သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာများ၊ "One Station" ဝန်ဆောင်မှုရုံးများ၊ ကုန်သွယ်မှု၊ ပြပွဲနှင့်ကုန်စည် ပို့ဆောင်ရေးစင်တာများ၊ အလုပ်သမားထောင်ပေါင်း များစွာ နေထိုင်နိုင်သည့် လူနေအိမ်ရာများ တည်ရှိကြောင်း၊ တရုတ်၊ ဘယ်လာရုစ်၊ ရုရှားနှင့် ဥရောပသမဂ္ဂ (EU) နိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများစွာက လာရောက်ရင်းနှီးမြှုပ်နှံကြပြီး မှတ်ပုံတင်ထားသည့် ကုမ္ပဏီပေါင်း ၁၇၃ ခု ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့သည် မင့်စ်မြို့ရှိ မဟာမျိုးချစ်စစ်ပွဲ သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့ သွားရောက်လေ့လာစဉ် ပြတိုက်တာဝန်ရှိသူတစ်ဦးက ပြတိုက်တွင် ပြသထားရှိသည့် ဒုတိယ ကမ္ဘာစစ်အတွင်း နာဇီဂျာမနီကျူးကျော်မှုကို တွန်းလှန်ခဲ့သည့် သမိုင်းမှတ်တမ်းများ၊ စစ်လက်နက်ပစ္စည်းများ၊ တင့်ကားများ၊ တိုက်လေယာဉ်များ၊ စစ်သည်တော်များ၏ ကိုယ်ရေးကိုယ်တာပစ္စည်းများ၊ ပေးစာများ၊ ဓာတ်ပုံများကို ခေတ်မီ 3D နည်းပညာဖြင့် ပြသထားရှိမှုကို လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းမှုများအပေါ် ပြည်ထောင်စုလွှတ်တော် နာယက က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် Hi Tech Park (အဆင့်မြင့်နည်းပညာဇုန်)တွင် နည်းပညာကုမ္ပဏီပေါင်း ၁၀၀၀ ကျော်၊ ကျွမ်းကျင်ပညာရှင်ပေါင်း ၆၀၀၀၀ ကျော်ဖြင့် နိုင်ငံစီးပွားရေး (GDP)၏ သုံးရာခိုင်နှုန်းခန့်ကို ရှာဖွေပေးနေမှု၊ အထူးစီးပွားရေးနှင့် ဥပဒေရေးရာ ဇုန်တစ်ခုအဖြစ် လည်ပတ်ဆောင်ရွက်နေမှု၊ ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများအတွက် ဆော့ဖ်ဝဲလ်နှင့် နည်းပညာဝန်ဆောင်မှု ပေးနေမှုအခြေအနေကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အခြေခံသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်း

နေပြည်တော် အောက်တိုဘာ ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းက ကြီးမှူးဖွင့်လှစ်သည့် နိုင်ငံဝန်ထမ်းများအတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးမုခ်ခြေ ငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။



ပေးအပ်

သင်တန်းဆင်းပွဲတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၏ "နိုင်မာသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်ရန် အတွက် စွမ်းရည်ပြည့်ဝသည့် နိုင်ငံဝန်ထမ်းများ ဖွေးထုတ်ပေးရန်" ဟူသော ရည်မှန်းချက်နှင့်အညီ ယခုသင်တန်းတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲအကောင်အထည် ဖော်ခြင်း၊ စာရင်းပြုစုခြင်း၊ စာရင်းနှင့် လုပ်ငန်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှု စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် ယင်းဘာသာရပ်များကို လေ့လာမှတ်သား၍ နိုင်ငံ၏ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်း ဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန ၂၂ ခုမှ သင်တန်းသား သင်တန်းသူ ၃၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ မြစ်ကြီးနားမှ

ပြခန်းအုပ်စုတွင် မြစ်ကြီးနားတက္ကသိုလ်၏ ပညာရပ်ဆိုင်ရာပြခန်း၊ ဒေသထွက် MSME ထုတ်ကုန်ပြခန်း၊ ကျောက်မျက်ရတနာပြခန်း၊ စိုက်ပျိုးရေးနှင့် သစ်တောဦးစီးဌာနပြခန်းတို့ ပါဝင်မည်ဖြစ်ပြီး အရောင်းခန်း အုပ်စုတွင် ဒေသထွက်စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် ကျောက်စိမ်း၊ ကျောက်မျက်လက်ဝတ်ရတနာအချောထည်အရောင်းပြခန်း စသည့် ကဏ္ဍလေးခုနှင့် သက်ဆိုင်သည့် အရောင်းဆိုင်ခန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ကျင်းပမိုင်ရေးအတွက် ယနေ့နံနက် ၉ နာရီခွဲက ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နှစ်သည် ပြည်နယ် MSME လုပ်ငန်းရှင်များနှင့် ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

နိုင်ငံဝီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား ချေးငွေများထုတ်ချေး

တံတားဦး အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား ချေးငွေထုတ်ပေးခြင်းကို အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းလင်းက ဝါသီးနှံအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား ချေးငွေထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်နှင့် တာဝန်ရှိသူများက ဝါသီးနှံစိုက်တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ချေးငွေများ ထုတ်ချေးပေးသည်။

တံတားဦးမြို့နယ်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါသီးနှံစိုက်ပျိုးသည့် ကျေးရွာများဖြစ်သည့် ငါးဇင်ရိုင်းကျေးရွာနှင့် ချောင်းပတ်ကျေးရွာတို့တွင် ဝါစိုက်ပျိုးသည့် ဧကပေါင်း ၄၀၀ ဧက၊ တောင်သူပေါင်း ၁၇၂ ဦးအား တစ်ဧကလျှင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ အား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသော ညောင်ပင်သာကျေးရွာ၊ ကျောက်တော(တ) ကျေးရွာ၊ မင်းပလောင်ကျေးရွာနှင့် သစ်သမီးကျေးရွာများတွင် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဒေသစရိတ်ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ထင်က ပြည်ထောင်စုအဆင့်စီစစ်ရေးကော်မတီမှ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် ခွဲခြားသတ်မှတ်ထားသည့် ရှမ်းပြည်နယ်အတွင်း (က)အုပ်စုမှ လူမှုရေးသင့်တင့်သောဒေသများတွင်ပါဝင်သည့် ၃၁ မြို့နယ်ရှိ မြို့ပေါ် ၂၇ မြို့နှင့် ကျေးရွာအုပ်စု ၂၆၂ အုပ်စု၊ (ခ) အုပ်စုမှ လူမှုရေးခက်ခဲသော ဒေသများတွင်ပါဝင်သည့် မြို့နယ် ၃၀ ရှိမြို့ပေါ် ခုနှစ်မြို့နှင့် ကျေးရွာအုပ်စု ၄၃၄ အုပ်စု၊ (ဂ) အုပ်စုမှ လူမှုရေးအခက်အခဲဆုံးဒေသတွင် ပါဝင်သည့် ၁၅ မြို့နယ်ရှိ မြို့ပေါ် ရှစ်မြို့နှင့် ကျေးရွာအုပ်စု ၂၇၂ အုပ်စု တို့တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံဝန်ထမ်းများအတွက် ရာထူးအဆင့်အလိုက်၊ လစာနှုန်းထားများအလိုက် ဒေသစရိတ်များကို ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မေ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၉ အရ ခံစားခွင့်ပြုထားခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၉ အရ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ခံစားခွင့်ပြုထားသည့် ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါဒေသများတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ရှိ ညောင်ပင်သာကျေးရွာ၊ ကျောက်တော(တ) ကျေးရွာ၊ မင်းပလောင်ကျေးရွာနှင့် သစ်သမီးကျေးရွာတို့ ပါဝင်ခြင်းမရှိသည့်အတွက် အဆိုပါကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့် အကျုံးမဝင်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၊ ကျုပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၏ အဓိကရေလမ်းကြောင်းဖြစ်သော ဒါးကမြစ်အတွင်း သဲသောင်ထွန်းခြင်းနှင့် နုန်းတင်ခြင်းများကြောင့် မြစ်ကြောင်းတိမ်ကောလာ၍ နှစ်စဉ်ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းကို ကုစားနိုင်ရန်အတွက် ဒါးကမြစ်ကြောင်း တူးဖော်ရေးလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက် သို့မဟုတ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထွန်းလူက ဒါးကမြစ်အတွင်း နစ်စဉ် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းသည် မြစ်အားအသုံးပြု၍ မိုတင်းနေထိုင်



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။

ကြသူတို့၏ လုပ်ဆောင်မှုကြောင့်ဖြစ်ပြီး မြစ်ကြောင်းတိမ်ကောလာမှုအား နုန်းအနည်အနှစ်များ ဖယ်ရှားပေးရန်အပြင် သက်ဆိုင်ရာဌာနများမှလည်း မိမိတို့ဌာနနှင့်သက်ဆိုင်သည့် ရေကြောင်းအဟန့်အတား ဖြစ်စေမည့်ကိစ္စများအား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဒါးကမြစ်အတွင်း နုန်းအနည်များ ဖယ်ရှားပေးနိုင်ရေး ဆောင်ရွက်မည်ဆိုပါက ရေကြောင်းတိုင်းတာစစ်ဆေးမှုများကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ရရှိလာသော တိုင်းတာစစ်ဆေးချက်များအရ ဆောင်ရွက်ရမည့်အစီအမံများကို ထပ်မံရေးဆွဲရမည်ဖြစ်ပါသောကြောင့် အချိန်ယူဆောင်ရွက်ရမည့် ရေရှည်စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ မြစ်တစ်လျှောက် လူနေကျေးရွာများ၊ လယ်ယာမြေများ တည်ရှိနေသဖြင့် လိုအပ်သည့် နေရာများတွင် မြစ်ကမ်းပါးကာကွယ်ရေးလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်၍ ကုန်ကျစရိတ်များပြားပြီး ရရှိလာမည့် အကျိုးကျေးဇူးနှင့် ချိန်ဆဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ချောင်းအတွင်း ရေစီးရေလာအဟန့်အတားဖြစ်စေသည့် ငါးခြဲများ၊ တရားမဝင် စွန့်ပစ်ထားသည့် အမှိုက်သရိုက်များကို သက်ဆိုင်ရာဌာနများက ပထမဆုံး ဖယ်ရှားရှင်းလင်းသွားရမည်ဖြစ်ပါကြောင်း၊ ကနဦး တိုင်းတာရေးနှင့် စစ်တမ်းဆောင်ရွက်ပြီး ရလဒ်အပေါ် မူတည်၍ လိုအပ်သည့်လုပ်ငန်းစဉ်ချက်များ ရေးဆွဲကာ ကုန်ကျစရိတ်ကို တစ်ပြိုင်တည်းတွက်ချက်၍ ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိလာသည့် ဘဏ္ဍာငွေအပေါ် မူတည်၍ နှစ်ဆက်လုပ်ငန်းအဖြစ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာနှင့် လုပ်ငန်းဆိုင်ရာအကူအညီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂)ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့ ရန်ကင်းတောင်သာသနာ့ရိပ်သာကုန်းမြေပေါ်တွင်ရှိသော သာသနာ့အမွေအနှစ်များ ရေရှည်တည်တံ့နိုင်ရန်၊ နောင်လာနောက်သားများ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ရန်အတွက် ချင်းတွင်းမြစ်ရေကြီးချိန် ရေဦးထိုးဒဏ်နှင့် ဝဲကတော့တိုက်စားမှုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ကမ်းပြိုကာကွယ်မှုလုပ်ငန်းဖြစ်သည့် ကမ်းထိန်းနံရံ (Retaining Wall) အလျင်အမြန် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် ၂၀၂၆ - ၂၀၂၇ ဖြည်စွက်ဘတ်ဂျက်တွင် ရန်ပုံငွေထည့်သွင်းဆောင်ရွက်ပေးရန် **အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့သည် ချင်းတွင်းမြစ်အထက်ပိုင်း ဒေသတွင်တည်ရှိပြီး ခန္ဓီးမြို့ ရန်ကင်းတောင်သာသနာ့ရိပ်သာကုန်းမြေသည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းရှိမြင့်မားမတ်စောက်သော သဲကျောက်တောင်ပေါ်တွင် တည်ရှိကာ မြဿိန်းတန်စေတီသည် ထင်ရှားသော မြို့ဦးစေတီ တစ်ဆူဖြစ်ပါကြောင်း၊ မြဿိန်းတန်စေတီအနီး၌ သဲကျောက်တောင်ကမ်းပါး၏ အမြင့်သည် ရေစစ်မျဉ်းအထက် ပေ ၈၀ ခန့် မြင့်မားပြီး မတ်စောက်လျက်ရှိပါကြောင်း၊ မြဿိန်းတန်စေတီတည်ရှိရာနေရာ အထက်ဘက်တွင် ချင်းတွင်းမြစ်သည် အင်္ဂလိပ်အက္ခရာ "S" ပုံသဏ္ဌာန်ခန့် စီးဆင်းနေပါကြောင်း။

လက်ရှိတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့ ရန်ကင်းတောင်သာသနာ့ရိပ်သာကုန်းမြေ ယခင် ဆောင်ရွက်ပြီး မြေထိန်းတံတိုင်း၏ အောက်ဘက်တွင် ကမ်းပါးမြင့်မားမတ်စောက်ခြင်းနှင့် မိုးရေစီးကြောင်း ကျဆင်းခြင်းတို့ကြောင့် ယခင်တည်ဆောက်ခဲ့သည့် ကမ်းထိန်းနံရံ၏ အလျား ပေ ၁၅၀ ခန့်သည် ကမ်းပါး အိကျမှုဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး သာသနာ့ကုန်းမြေနှင့်စေတီတော်အနီး မြစ်ကမ်းပါးတည်ငြိမ်ခိုင်ခံ့ရေးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့ ရန်ကင်းတောင် သာသနာ့ရိပ်သာကုန်းမြေအား ချင်းတွင်းမြစ် ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ကမ်းပါးအိကျနေသည့် အလျား ပေ ၁၅၀ အား လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတင်ပြတောင်းခံပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိချိန်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) စောမြတ်ထွဋ်ဝင်း (ခ)ကိုဆွိစ်၏ **ကရင်ပြည်နယ် ဘားအံမြို့ရှိ နိုင်ငံတော်ပိုင် ဘားအံလေဆိပ်အား ပုံမှန်လေကြောင်းခရီးစဉ်များကို ထည့်သွင်းစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဘားအံလေယာဉ်ကွင်းသည် ၂၀၁၉ ခုနှစ် နောက်ပိုင်းမှစတင်၍ ယနေ့အထိ ခုနှစ်နှစ်ခန့် အသုံးပြုမှုမရှိခဲ့သဖြင့် ယခုအခါ ပြေးလမ်းမျက်နှာပြင် ပျက်စီးမှုများဖြစ်ပေါ်နေခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများတွင် လက်ရှိအသုံးပြုလျက်ရှိသော အငယ်ဆုံးလေယာဉ်များဖြစ်သည့် ATR 72 အမျိုးအစား လေယာဉ်များ အဆင်းအတက်ပြုလုပ်ရန် အနည်းဆုံးကွင်းအရှည် ပေ ၆၀၀၀ ရှိရမည်ဖြစ်ပါကြောင်း၊ ပြေးလမ်းချဲ့ထွင်နိုင်ရန်အတွက် လေယာဉ်ကွင်း၏ ပတ်ဝန်းကျင်အခြေအနေအရ လေယာဉ်ပြေးလမ်း မြောက်ဘက်ထိပ်မှ ပေ ၄၇၀၀ ခန့်အကွာတွင်ရှိသော သာသနာ့ကအဆောက်အအုံပေါ်တွင် တည်ထားသည့် စေတီတော်နေရာသည် လေယာဉ်ပြေးလမ်းတက်သည့် တည့်တည့်ပေါ်တွင် ကျရောက်နေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်မှ သတ်မှတ်ထားသော Obstacle Limitation Surface (OLS) အရ လွတ်ကင်းမှုမရှိသောကြောင့် လေယာဉ်များ အဆင်းအတက်ပြုလုပ်ရာတွင် အန္တရာယ်ဖြစ်စေနိုင်သဖြင့် လေယာဉ်ပြေးလမ်းအား မြောက်ဘက်သို့ တိုးချဲ့၍မရနိုင်ပါကြောင်း။

လက်ရှိအနေဖြင့် ဘားအံလေဆိပ်နှင့် အနီးဆုံးဖြစ်သည့် မော်လမြိုင်လေဆိပ်သို့ လေကြောင်းခရီးစဉ်အဖြစ် အပတ်စဉ် တနင်္လာနှင့် သောကြာနေ့တို့တွင် ပြေးဆွဲလျက်ရှိရာ ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့၏ ကားလမ်းခရီးအကွာအဝေးသည် ၃၅ မိုင်ခန့်၊ ကြာချိန်အားဖြင့် တစ်နာရီခန့်သာ ကြာမြင့်မှုရှိပါသဖြင့် ဘားအံမြို့မှ လေယာဉ်ခရီးစဉ်နှင့် လိုက်ပါလိုသူများ ခရီးသွားလာရေးအတွက် အဆင်ပြေချောမွေ့မှုရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ဘားအံလေဆိပ်သို့ ပုံမှန်လေကြောင်းခရီးစဉ်များကို ပျံသန်းပြေးဆွဲနိုင်ရေးကန့်သတ်ချက်များရှိနေသည့်အတွက် ပုံမှန်လေယာဉ်များ ဆင်းပေး၍မရပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကြူနိုင်၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း တည်ဆောက်နိုင်ပါက နိုင်ငံတကာမှသင်္ဘောများ ဆိုက်ကပ်၍ ကုန်ပစ္စည်းများ အတင်အချပြုလုပ်နိုင်ခြင်း၊ Free Trade Zone (FTZ) ပြုလုပ်နိုင်သည့်အတွက် နိုင်ငံတော်အနေဖြင့် အခွန်ဘဏ္ဍာများ ပိုမိုရရှိနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါသဖြင့် ကော့သောင်းမြို့တွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (International Port) တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် တည်ဆောက်ပေးရန် လျာထားမှုရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကော့သောင်းတွင် လက်ရှိအချိန် အလျား ၃၂၈ ပေ၊ အကျယ် ၉၈ ပေရှိသည့် ပြည်တွင်းဆိပ်ကမ်းတစ်ခု တည်ဆောက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကို ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် ပြီးစီးရန်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ် မေးမြန်းသည့်နေရာ၏ မြောက်ဘက်တွင် လက်ရှိ တော်ဝင်ဆိပ်ကမ်းတံတားရှိပါကြောင်း၊ အဆိုပါတံတားသည် သံကူကွန်ကရစ်ဆိပ်ကမ်းတံတားဖြစ်ပြီး သက်တမ်း ၂၈ နှစ် ရှိပြီဖြစ်သည့်အတွက် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ခုနှစ်တွင် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် ဒီဇင်ဘာလအတွင်း ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဆိပ်ခံတံတားနှင့် ကိုယ်စားလှယ် မေးမြန်းသည့် ဆိပ်ကမ်းတံတားနှစ်ခု၏ အကွာအဝေးသည် ၁၅ ပေသာရှိပြီး အစအဆုံး မီတာ ၂၁၀ ဖြစ်သည့်အတွက် မီတာ ၉၀ ခန့်ရှိသည့် ရေယာဉ်နှစ်စင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတစ်ခုတည်ဆောက်မည်ဆိုပါက သတ်မှတ်ချက်များနှင့်ပြည့်စုံရန် လိုအပ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာသင်္ဘောကြီးများ ဝင်ရောက်နိုင်သည့် ရေနက်လုံလောက်မှုနှင့် သင်္ဘောကြီးများလှည့်နိုင်ပြီး ကပ်နိုင်၊ ခွာနိုင်မည့် အကျယ်အဝန်း ရှိရမည်ဖြစ်ပါကြောင်း၊ နောက်ခံမြေအကျယ်အဝန်းများ လုံလောက်ရန် အနည်းဆုံးသတ်မှတ်ချက်သည် ၃၇၀ကဖြစ်သော်လည်း ကိုယ်စားလှယ်မေးမြန်းသည့် နေရာသည် ၄ ဒသမ ၄ ဧကသာရှိပါကြောင်း၊ ထို့ပြင် အထောက်အကူပြုပစ္စည်းများနှင့် ကွန်တိန်နာများကို သယ်ထုတ်မည့် ကားလမ်း၊ မီးရထားလမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း တည်ဆောက်ရန် ကန့်သတ်ချက်များစွာရှိသည့်အတွက် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအစား ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်းတစ်ခုကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ စတင်တည်ဆောက်လျက်ရှိပြီး ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် ပြီးစီးရန်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

❐ စာမျက်နှာ ၂၄ မှ

အဆိုပါပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်မှ အရာရှိကြီးများနှင့်ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဂဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဒုတိယသမ္မတသည် ဇာတ်တော်ကြီးပြိုင်ပွဲတွင် အဂဲဖြတ်ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ပရိသတ်များနှင့်အတူ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု “မန်းရွှေဝိုရ” ဇာတ်တော်ကြီးအဖွဲ့၏ ဝိုရ ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်များက အခန်းစဉ်များအလိုက် မူရင်းဇာတ်စာ၊ ပျိုလင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏ အနီမဲ့အမြင့်အလိုက် ရှုးရိုးရာ ပတ်ပျိုး၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် “အဆိုပညာ”ရပ်၊ အလွမ်းအဆွေး သရုပ်ဆောင်ရာတွင် အသုံးချသည့် “အငိုပညာ”ရပ်နှင့် နားထောင်ရသူစွဲမက်စေမည့် “အပြောပညာ” ရပ်တို့ဖြင့် ဇာတ်ညွှန်းအတိုင်း ဝါကျအဖြတ်အတောက်မှန်ကန်စွာ မြန်မာ့ရိုးရာသဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်၍ ကပြယှဉ်ပြိုင်ကြသည်။

ဝိုရရဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့ အနက်မှ နဝမမြောက်ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သိုလ် ဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသောပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါးအကြောင်း သိရှိနားလည် ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ဆိုးပြစ်နှင့်မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိုရရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်း၃စွာ ဂု ပါးကို ပွားများနိုင်ကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၆ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “ဝိုရရ” ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ဌာနမဟာသဘင် ဇာတ်တော်ကြီး အဖွဲ့ကလည်းကောင်း၊ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းရွှေဝိုရရဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း သရုပ်ဖော်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာ ကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့များက သတ်မှတ်ရက်များအလိုက် ဆက်လက်ပါဝင်သရုပ်ဖော်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K)(AM) တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၁-၄-၂၀၂၆ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။



Amara ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

နာဂ အမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN-K) (AM) အဖွဲ့အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် ပူးပေါင်းပါဝင်ဆွေးနွေးလိုသည့် အတွက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Grand Amara ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) ဥက္ကဋ္ဌ ဦးအန်းမိုင်၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် ဦးချင်းမောင်၊ ဦးမန်ခပ်၊ ဦး Y ခွန်းမောင်၊ ဦး K ပါဝီနှင့် ဦးလန်းညိုင်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခင်က NSCN –K အဖွဲ့သည် Bilateral လက်မှတ်ထိုးခဲ့သော အဖွဲ့ဖြစ်ကြောင်း၊ ယခင်လာရောက် ဆွေးနွေးစဉ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ နာဂအမျိုးသားများသည် မိမိတို့၏ တိုင်းရင်းသားလူမျိုးများဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရမှ ဆောင်ရွက်ပေးရန် လိုအပ်သည်များကို တင်ပြပေးစေလိုကြောင်း၊ NSCN –K (AM) အဖွဲ့သည် ဒေသတည်ငြိမ်အေးချမ်းရေး အတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး လိုအပ်ချက်များ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေး သွားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K)(AM) ဥက္ကဋ္ဌ ဦးအန်းမိုင်က ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ပါဝင်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့် ယခုလို နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ရရှိသည့်အတွက် သမိုင်းတွင်အရေးပါသော မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ဆွေးနွေးပွဲများမှ ရရှေ့ည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက် သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက် အအုံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ နောက်ကျကျန်ခဲ့မှု မရှိစေရေး ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်းနှင့် ပြည်သူလူထု၏ လှုပ်ရှားပွားဘဝများကို တိုးတက်စေမည့်ရလဒ်များ ရရှိအောင် ဖော်ဆောင် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အခြားဖြို့နယ်များ ထပ်မံထည့်သွင်းဆောင်ရွက်လိုခြင်းနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်တော်တွင် တင်ပြဆောင်ရွက်နိုင်မှု၊ နိုင်ငံရေးလိုလားချက်များကို တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ (၄) ရပ်နှင့်အညီ ဆောင်ရွက်သွားရေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာ၊ ကျေးရွာအုပ်စုများကို ဖြို့အဖြစ်ပြောင်းလဲဖွဲ့စည်းရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ ဦးစီးဌာနများ၏ သတ်မှတ်ချက်လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်နိုင်မှု၊ ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့်ပတ်သက်ပြီး လမ်းအပိုင်းလိုက် ဦးစားပေးလိုအပ်ချက်သတ်မှတ်ပြီး တင်ပြသွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသော ဒေသခံ ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးသွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နယ်မြေဒေသအတွင်းရှိတပ်မတော်၊ အစိုးရဌာနများနှင့် လုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေးနှင့် အောက်ခြေရှိ လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သော ဆောင်ရွက်နေထိုင်မှုများ မပြုလုပ်ရန် စနစ်တကျ ကြပ်မတ်ပေးရေးတို့ကို ဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) ဥက္ကဋ္ဌ ဦးအန်းမိုင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကို ရှုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❍ M-Leagueမှ

ပွဲစဉ်(၂၀)တွင်ချမ်းမိုယံဆုအတွက်အပြိုင် ဖြစ်နေသည့် အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း နှစ်သင်းစလုံး နိုင်ပွဲရခဲ့ပြီး တစ်ပွဲပို့ကစားထားသည့် ဒဂုံစတားယူနိုက်တက်အသင်းမှာမူ နိုင်ပွဲပျောက်ဆုံးခဲ့သဖြင့် ချန်ပီယံမျှော်လင့်ချက် အနည်းငယ် ဝေးကွာခဲ့သည်။ ပွဲစဉ် (၂၀) တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုး-နှစ်ဂိုး၊ အား/ကာသိပ္ပံအသင်းက Chinland အသင်းကို ခြောက်ဂိုးပြတ်၊ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဟံသာဝတီယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ စစ်ကိုင်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိပြီး Falcon အသင်းနှင့် Galaxy အသင်းတို့က တစ်ဂိုးစီသရေ၊ ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက် အသင်းတို့က နှစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၂၀)၏ ပွဲစဉ်အလိုက် AYA Pay Player of the Match ဆုများကို ရန်ကုန်ယူနိုက်တက်အသင်းမှ ကျော်ညီညီ၊ အား/ကာသိပ္ပံအသင်းမှ စစ်ငြိမ်းချမ်းဦး၊ ရှမ်းယူနိုက်တက်အသင်းမှ ကောင်းထက်ကျော်၊ စစ်ကိုင်းယူနိုက်တက်အသင်းမှ ပိုင်သက်ဦး၊ ရတနာပုံအသင်းမှ ရဲရင့်အောင် တို့ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် နှစ်သိန်းစီ ရရှိသည်။

ပွဲစဉ် (၂၀) အပြီးတွင် အား/ကာသိပ္ပံအသင်းက ပွဲ ၂၀ ကစား ၄၇ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ပွဲ ၂၀ ကစား ၄၆ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၁ ပွဲကစား ၄၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၂၁ ပွဲကစား ၃၈ မှတ်ဖြင့် ထိပ်ဆုံးလေးသင်းစာရင်းတွင် အစဉ်လိုက် ရပ်တည်နေသည်။ ထို့ကြောင့် ချန်ပီယံဆုအတွက် တစ်မှတ်အကွာဖြစ်နေသည့် အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ အပြိုင်လုရဖွယ်ရှိနေသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MLeague

✪ M-League II မှ

ပဒုမ္မာကွင်း၌ Elite Kings အသင်းနှင့် Junior Lions အသင်း၊ YUSC ကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် VUE နေပြည်တော်အသင်း၊ အောက်တိုဘာ ၂၅ ရက်တွင် တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် Enjoy Brother အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် တက္ကသိုလ်ကွင်း၌ ရွှိင်ရယ်ဒဂုံအသင်းနှင့် မနောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၂) တွင် အဖွင့်ပွဲ၌ အနိုင်ရထားသည့် ရာမညယူနိုက်တက်အသင်းနှင့် VUE နေပြည်တော်အသင်း ထိပ်တိုက်တွေ့ဆုံနေပြီး ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် တက္ကသိုလ်အသင်းသည် အသင်းသစ် Enjoy Brother အသင်းနှင့် ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၁) အပြီးတွင် ရွှိင်ရယ်ဒဂုံအသင်း၊ တက္ကသိုလ်အသင်း၊ VUE နေပြည်တော်အသင်း၊ ရာမညယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲရခဲ့ပြီး ဂိုးကွာခြားချက်အသာဖြင့် တက္ကသိုလ်အသင်းက ထိပ်ဆုံးတွင် ဦးဆောင်နေသည်။ Junior Lions အသင်း၊ မနောအသင်း၊ Asia Lion အသင်း၊ Elite Kings အသင်းနှင့် Enjoy Brother အသင်းတို့မှာမူ ရှုံးပွဲကြုံတွေ့ထားပြီး အမှတ်မရသေးပေ။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MLeague

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက် ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက် စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ရှိ နီလာခန်းမ၌ ကျင်းပရာ အခြေခံပညာ အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ပြောင်ပြောင် နာဂိန်" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ပြောင်ပြောင် နာဂိန်" (ကြိုး) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။



မဟာဂီတ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသား တေးသီချင်းအဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်ဟံသာမင်း ယှဉ်ပြိုင်စဉ်။

"ကာလပေါ်"တေးသီချင်းအဆို ပြိုင်ပွဲကို မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ရှိ မြခန်းမ၌ ကျင်းပရာ အဆင့်မြင့် ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန် ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်း ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေး တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် တို့မှ ပြိုင်ပွဲဝင်များက "မဟာ ဗန္ဓုလ(ကိုထွန်းဈေ)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေး တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သုံးပါး မြတ်ရတနာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆင်းရဲခြင်းဒုက္ခ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြေတွာသံဝေ(လှလှရီ)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆံရစ်ဝိုင်း(ကြည်ကြည်ဝင်း)" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော် တည်းခိုရေးစခန်း ဆင်ဖြုံရုင်ခန်းမ သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်းဝိုင်းကြီးအဖွဲ့.လိုက်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မယူးပြည့်ခိုင်သိန်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်းဝိုင်းကြီးအဖွဲ့ (ပထမတန်း)အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသ ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "သုံးပါး မြတ်ရတနာ" ခေါင်းစဉ်ဖြင့် လည်း ကောင်း သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက် ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက် အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ် ဖော်ကျူးကာ မြန်မာ့ရိုးရာ ဂီတ အနုပညာ၏ အနှစ်သာရနှင့် သီဆို မှုအနုပညာရသတို့ကို ပေါ်လွင် အောင် ရသစုံလင်စွာ ယှဉ်ပြိုင် သီဆိုကြသည်။

ဆိုင်းဝိုင်းကြီး အဖွဲ့.အလိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့် တိုက် (နေပြည်တော်)ရှိ ဝန်ဇင်း မင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့် မြင့်ပညာအဆင့် အမျိုးသမီး ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ကလည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသ ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက လည်း ကောင်း မြန်မာ့ရိုးရာဂီတ အနုပညာ၏ အနှစ်သာရနှင့် တူရိယာတီးခတ်မှုစွမ်းရည်တို့ကို ပေါ်လွင်စေသည့် လက်သံပြောင် မြောက်မှု၊ စည်းချက်ညီညွတ်မှုနှင့် သံစဉ် အတက်အကျတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ် ဖော်ကျူးကာ သာယာနာပျော်ဖွယ် ကောင်းသည့် တီးခတ်သံများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်တီးခတ် ကြသည်။

ပလွေပြိုင်ပွဲကို အမျိုးသား ပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံ ပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ တွင် ကချင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲ ဝင်များက "လဲ့လဲ့စိမ်းရောင်" (ကြိုး)သီချင်းဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က "တောနှင့်တောင်စွယ်" (ယိုးဒယား)သီချင်းဖြင့် လည်း ကောင်း၊ အဆင့်မြင့်ပညာ အဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တယောအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ နော်မေသဇင်ထူး ယှဉ်ပြိုင်စဉ်။

စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ

မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေတ္တာဂုဏ်" (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့" (ကြိုး)သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရား အတီးပြိုင်ပွဲကို နေပြည်တော် တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်ရင်းမှ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြေလျော့ခွေ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြေလျော့ခွေ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါနွေဆန်း"(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။



ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဧရယ္ဂာသီရိရုပ်စုံသဘင်အဖွဲ့က တင်ဆက်ကပြယှဉ်ပြိုင်ကြစဉ်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဧရယ္ဂာသီရိရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီး အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီး ဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းရွှေဝိဓူရ ဇာတ်တော်ကြီးအဖွဲ့က မူရင်း ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်း ဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံး တီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏အစဉ်အလာကို ထိန်းသိမ်းထားသော ဆို၊ ငို၊ ပြော အနုပညာရပ်များနှင့် အကအလှများကို အချိုးညီညီပေါင်းစပ်၍ လည်းကောင်း၊ ဇာတ်ကောင်တစ်ဦးချင်း စီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ပိုင်စွမ်းတို့ဖြင့်လည်းကောင်း မြန်မာ့ရိုးရာ ဇာတ်သဘင်အနုပညာ၏ အနှစ်သာရနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးကာ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ ကျင်းပသည့်ပြိုင်ပွဲများသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်း မိသားစုများ၊ သဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များအတွက် အဆင့် သတ်မှတ်ချက် အနေဖြင့် ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့် ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) တို့ကို ပြိုင်ပွဲအဆင့်များအဖြစ် သတ်မှတ်ထားပြီး နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် အောက်တိုဘာ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်။



မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ Jinan တက္ကသိုလ်သို့ သွားရောက်လေ့လာစဉ်။

မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၆ ရက်မှစတင်၍ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်ပူထမ်းဆဲ/ စစ်ပူထမ်းဟောင်းနှင့် အစားခန့် ဝန်ထမ်းများ၏ သားသမီးကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သောစစ်သည်များ ပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ် မောင်မယ်များ ပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူးဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း အောက်တိုဘာ ၁၇ ရက်တွင် ကောင်းကင်ဘုံဗိမာန် ပန်းခြံနှင့် ဝမ်ဖူကျင်လမ်းလျှောက်ဈေးအား သွားရောက် လည်ပတ်ကြပြီး အိုလံပစ်ကျင်းပခဲ့သည့် အဆောက်အဦများ၏ ညရှုခင်းအား ကြည့်ရှု လေ့လာကြသည်။ အောက်တိုဘာ ၁၈ ရက်တွင် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး (Great Wall) သို့ သွားရောက် လေ့လာကြပြီး Depart for City Center သို့ သွားရောက်လည်ပတ်ခဲ့ကြသည်။ အောက်တိုဘာ ၁၉ ရက်တွင် လင်ကွမ်း ဘုရားကျောင်းတွင် ကိန်းဝပ် စံပယ်တော်မူသည့် ဗုဒ္ဓစွယ်တော်အား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး Summer Palace နွေရာသီနန်းတော်အား လေ့လာခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် Guangzhou Zoological Garden သို့ သွားရောက် လည်ပတ်ခဲ့ကြပြီး ညနေပိုင်းတွင် Goodchains ကုမ္ပဏီ၏ ကွမ်ကျီးလေဆိပ်ရှိ လုပ်ငန်းများနှင့် Xiaobai Supply Chain လုပ်ငန်းအား လေ့လာခဲ့ကြသည်။ အောက်တိုဘာ ၂၁ ရက်တွင် Jinan တက္ကသိုလ်အား လေ့လာခြင်း၊ Baima မြို့ လည်ပတ်ခြင်းနှင့် ဈေးဝယ်ခြင်း၊ Canton Tower အား လေ့လာ လည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရမှု နှင့်ပတ်သက်၍ ယခုကဲ့သို့ ကြားသိရပါသည်-

ဒုတိယတပ်ကြပ် ပြည့်နုဖြိုး

ကျွန်တော်ကတော့ ဒုတိယတပ်ကြပ် ပြည့်နုဖြိုး ဖြစ်ပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲကို အမှတ် (၂) မိဏ္ဍိုလာပညာရေးကျောင်းမှာ တက်ရောက်ခဲ့ပြီး သုံးဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့သည့် အတွက် တရုတ်နိုင်ငံ လေ့လာရေး ခရီးစဉ်ကို ပါဝင်ခွင့်ရခဲ့ပါတယ်။

ဒီခရီးစဉ်မှာ ကျွန်တော်နဲ့အတူ စစ်သည်တစ်ဦး၊ ထူးချွန် ကျောင်းသား ကျောင်းသူများ လည်း ပါဝင်ခဲ့ပါတယ်။ ကျွန်တော် တို့တွေ တရုတ်နိုင်ငံ ပေကျင်းမြို့မှာရှိတဲ့ ဂရိတ်ဝေါလ် (Great Wall) ပေါ်သို့ သွားရောက် လည်ပတ်ခဲ့ပါတယ်။ လင်ကွမ်း ဘုရားကျောင်းကိုလည်း သွား



ရောက်ခဲ့ပြီးတော့ ဗုဒ္ဓဖြတ်စွယ်တော်ကိုလည်း ဖူးမြော်ကြည်ညိုခဲ့ကြပါတယ်။ အနှစ်သက်ဆုံး ကျွန်တော်တို့ လည်ပတ်ခဲ့တဲ့နေရာမှာ အကြိုက်ဆုံးက တော့ Summer Palace (နွေရာသီနန်းတော်) အဲဒီမှာတော့ ရာသီဥတုလည်း မွှမျှတတဖြစ်တယ်၊

စာမျက်နှာ ၁၃သို့

မန္တလေးမြို့တွင် သာယာလှပ သီတင်းကျွတ်ည ပျော်ရွှင်ဆင်နွှဲမီးထွန်းပွဲတော်တွင် ဆီမီးတစ်သောင်းထွန်းညှိပူဇော်ခြင်းနှင့်အတူ ပြည်သူလူထုအေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကာစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



မန္တလေး အောက်တိုဘာ ၂၂

မြန်မာသက္ကရာဇ် ၁၃၈၈ ခု၊ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) မန္တလေးမြို့တွင် သာယာလှပ သီတင်းကျွတ်ည ပျော်ရွှင်ဆင်နွှဲ မီးထွန်းပွဲတော်ကို ပြည်သူလူထု အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တွင် သာယာလှပသီတင်းကျွတ်ည ပျော်ရွှင်ဆင်နွှဲ မီးထွန်းပွဲတော်ကို ကျူးတောင်ဘက်တွင် ဆီမီးတစ်သောင်းထွန်းညှိပူဇော်ခြင်းနှင့်အတူ ပြည်သူလူထုအေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများ စိတ်အပန်းဖြေနိုင်စေရန် နိုင်ငံကျော်အနုပညာရှင်များမှ ဧည့်ခံဖျော်ဖြေခြင်း၊ LED ပိုက်မီးတွဲ မီးအလှဆင်ခြင်း၊ စတုဒိသာ ကျွေးမွေးဧည့်ခံခြင်း အစီအစဉ်များလည်း ထည့်သွင်းဆောင်ရွက်ထားရာ လုပ်ငန်းကဏ္ဍများအလိုက် လစ်ဟင်းမှုမရှိစေရေး စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ အထိတ်တလန့်မဖြစ်စေရေးနှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် မီးပုံးများလွတ်တင်ခြင်းနှင့် ဗြောက်အိုးဖောက်ခြင်းများကို ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို ပြောကြားသည်။

ဌင်းနောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကဏ္ဍများအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးတွင် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ရောဂါခွဲစိတ်ကုသမှုပေးခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး



မန္တလေး အောက်တိုဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရ၊ ယူနန်ပြည်သူ့ပြည်ပချစ်ကြည်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ရောဂါခွဲစိတ်ကုသမှုပေးခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးရုံအုပ်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများ၊ ယူနန်ပြည်နယ် ပြည်ပရောက်တရုတ်နွယ်ဖွားများရေးရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ယူနန်ပြည်နယ်အသင်း၊ ဟွာရှန်းဖောင်းဒေးရှင်းမှ တာဝန်ရှိသူများ၊ တရုတ်ဆေးဘက်ဆိုင်ရာအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ရောဂါရှင်ကလေးများအား ရှာဖွေဖော်ထုတ်ကာ ခွဲစိတ်ကုသမှုအစီအစဉ်ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်မာစေပြီး ကျွမ်းကျင်သောဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန် ထမ်းများ၏ စေတနာ၊ မေတ္တာနှင့် အနစ်နာခံ ကြိုးပမ်းအားထုတ်၍ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ရောဂါဝေဒနာခံစားနေရသော ကလေးလူနာများအား အောင်မြင်စွာခွဲစိတ်ကုသမှုပေးခြင်းဖြင့် ပုံမှန်စားသောက်နိုင်ကာ ပိုမိုကောင်းမွန်သော ဘဝတစ်ခုကိုပိုင်ဆိုင်နိုင်ရန် အခွင့်အလမ်းများရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ်၊ ယူနန်ပြည်နယ် ပြည်ပရောက်တရုတ်နွယ်ဖွားများရေးရာအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မေတ္တာပြုံး-မြန်မာခရီးစဉ် စီမံကိန်းကို ယခင်နှစ်က တရုတ်ဆေးဘက်ဆိုင်ရာ အဖွဲ့နှင့် ရန်ကုန်မြို့တွင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါဝေဒနာခံစားနေရသော ကလေးလူနာ (၁၆)ဦးအား အောင်မြင်စွာခွဲစိတ်ကုသခြင်းပေးခဲ့မှု၊ အသင်းကြီး၏ ဒုတိယအကြိမ်မြောက် ခွဲစိတ်ကုသမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးတွင် ဆောင်ရွက်ပေးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

ဌင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခွဲစိတ်မှုခံယူကြမည့် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ရောဂါဝေဒနာကလေးလူနာများနှင့် ဌင်းတို့၏မိဘများအား နွေးထွေးစွာနှုတ်ဆက် အားပေးစကားများပြောကြားခဲ့ကြောင်း၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး၌ စာရင်းပေးသွင်းလူနာများကို အောက်တိုဘာ ၂၁ ရက်တွင် သွေးဖောက်စစ်ဆေးခြင်းများ၊ အောက်တိုဘာ ၂၂ ရက်တွင် ခွဲစိတ်မှုအတွက် စမ်းသပ်စစ်ဆေးပြီး လူနာရွေးချယ်ခြင်းများကို ဆောင်ရွက်၍ အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ပြင်ဦးလွင်မြို့တွင် Home Garden စိုက်ပျိုးမည့် မြေနေရာအား ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

ပြင်ဦးလွင် အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် Home Garden စိုက်ပျိုးမည့် မြေနေရာအား ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက ရပ်ကွက်ကြီး (၆)ရှိ ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စုပေါင်းရုံးဝင်းအတွင်း၌ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ Home Garden စိုက်ပျိုးမည့် မြေနေရာအား ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်သည့်နေရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဝင်းတို့က သွားရောက်ကြည့်ရှုခဲ့ပြီး ဌာနဆိုင်ရာများအတွက် Home Garden စိုက်ခင်းနေရာများအား စီမံခန့်ခွဲပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

o-o-o-o-o

ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

မဟာအုံထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူရန် ဧတေနာရှင်များ ပါဝင်လှူဒါန်းနိုင်

ပြင်ဦးလွင် အောက်တိုဘာ ၂၂

ပြင်ဦးလွင်မြို့ရှိ မဟာအုံထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် ဧတေနာရှင်၊ အလှူရှင်များအနေဖြင့် မိမိတို့၏ သဒ္ဓါတရားအလျောက် ပါဝင်လှူဒါန်းနိုင်သည်။

ဘုရားကြီး၏ ရွှေရောင်တော်ပိုမိုတင့်တယ်သပ်ယပ်စေရန်နှင့် သာသနာတော်အခွန်ရှည်တည်တဲ့စေရန်ရည်ရွယ်၍ ရွှေသင်္ကန်းကပ်လှူ ပူဇော်နိုင်ရေးအတွက် အလှူငွေများ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းတွင် ဘုရားဖူးပြည်သူများနှင့် ဧတေနာရှင်၊ အလှူရှင်များ အနေဖြင့် မိမိတို့တတ်နိုင်သည့် အလှူငွေပမာဏအလိုက် ကုသိုလ်ပါဝင်လှူဒါန်းနိုင်မည်ဖြစ်သည်။

ရွှေသင်္ကန်းကပ်လှူပူဇော်လိုသည့် ဧတေနာရှင်များအနေဖြင့် မဟာအုံထူးကံသာဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့၏ ရုံးအဖွဲ့များ ဖုန်း ၀၉-၂၅၉၄၀၉၃၄၉၊ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမိုးကြိုင် ဖုန်း ၀၉-၂၀၄၅၂၃၉၇ နှင့် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့် ဖုန်း ၀၉-၆၉၃၈၃ ၁၁၆၆ တို့ထံ ဆက်သွယ်၍ ပါဝင် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

❁ စာမျက်နှာ ၁၁ မှ

တအားကြီးအေးတာမျိုး မဖြစ်ဘူး။ ဒီခရီးစဉ်အတွက် စီစဉ်ဆောင်ရွက်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိတဲ့လုပ်ကြီးအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

ကျောင်းသူ

ကျွန်မက ၂၀၂၆ တက္ကသိုလ်ဝင်စာမေးပွဲမှာ ၆ ဘာသာဂုဏ်ထူး၊ အမှတ်ပေါင်း ၅၄၂ မှတ် ရရှိခဲ့တဲ့အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ လေ့လာရေးခရီးသွားရောက်လည်ပတ်ခွင့်ရခဲ့တာပဲ ဖြစ်ပါတယ်။ ဒီခရီးစဉ် တစ်လျှောက်လုံးမှာ ကျွန်မတို့ သူငယ်ချင်းတွေ



အများကြီးနဲ့ လည်းပဲ တွေ့ခွင့်ရတယ်။ မျော်ရွှင်စရာ အမှတ်တရတွေကိုလည်း ဖန်တီးခွင့်ရခဲ့တယ်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံရဲ့ ယဉ်ကျေးမှုတွေကိုလည်းပဲ လေ့လာခွင့်ရခဲ့တဲ့အတွက် ကျွန်မအနေနဲ့ အထူးပဲ ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ Great Wall၊ The Temple of the Heaven၊ Canton Tower၊ ဗုဒ္ဓစွယ်တော်တို့ကိုလည်း သွားရောက် ဖူးမြော်ခွင့်ရခဲ့ပါတယ်။ အဲဒါဆိုလို့ရှိရင် ကျွန်မတို့အတွက် တကယ်ကို မမေ့နိုင်စရာ အမှတ်တရတွေဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မို့လို့ ဒီခရီးစဉ်ဖြစ်စေခြင်းအောင် ကူညီ စောင့်ရှောက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တကွ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ တာဝန်ရှိသူအားလုံးကို ကျွန်မက အထူးပဲကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

၁၀၀

အယ်လ်နီညိုကာလတွင် ဒေသနှင့် ကိုက်ညီသည့် သီးနှံများ ရွေးချယ်စိုက်ပျိုးရန် တိုက်တွန်း



မကွေး အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး အတွင်းရှိ တောင်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးခြင်းတို့ ဖြစ်ပေါ်လာနိုင်သဖြင့် မိမိဒေသနှင့်ကိုက်ညီပြီး ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွန်းက ပြောသည်။

အယ်လ်နီညိုရာသီဥတုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု မဖြစ်စေရန် တောင်သူများအတွက် လိုက်နာသင့်သည့်အချက်များကို အသိပညာပေးခြင်းနှင့် ဗီနိုင်း ဝိုစတာများ စိုက်ထူခြင်းတို့ကို ဆောင်ရွက်နေသည်။

တောင် သူ များအနေဖြင့် ယခုကတည်းက မျိုးစေ့များနှင့် လယ်ယာသုံးကိရိယာများကို ကြိုတင်စုဆောင်းထားသင့်ပြီး အစုအဖွဲ့လိုက် ပူးပေါင်းပြင်ဆင်ထားရန်လည်း လိုအပ်ကြောင်း ဦးယဉ်ထွန်းက ပြောသည်။

ထို့အပြင် အယ်လ်နီညိုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးပါက ပြန်လည်စိုက်ပျိုးနိုင်ရန် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့၏ အရန်မျိုးစေ့များကို ကြိုတင်စုဆောင်းထားသည်။

အပူချိန်မြင့်မားခြင်းတွင် ရေရှားပါးမှုနှင့် ပိုးမွှားရောဂါကျရောက်မှုများ ဖြစ်ပေါ်နိုင်သဖြင့် တောင်သူများအနေဖြင့် ရေကို ချွေတာသုံးစွဲရန်၊ သီးနှံများကို ပုံမှန်စစ်ဆေးရန်နှင့် စိုက်ပျိုးရေးဌာန၏ အကြံပြုချက်များကို လိုက်နာရန် လိုအပ်သည်။ ထို့လုပ်ငန်းများနှင့်ပတ်သက်၍ ကျေးရွာများအတွင်း ကွင်းဆင်းအသိပညာပေးမှုများကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

သီတင်းကျွတ်ဆီမီးထွန်းပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ သီတင်းကျွတ်ဆီမီး (၁၀၀၀၀)မီးထွန်းပွဲတော်ကို (၂၆-၁၀-၂၀၂၆)ရက် သီတင်းကျွတ်လပြည့်ညတွင် မန္တလေးမြို့၊ ၂၆လမ်း၊ ၆၆လမ်းနှင့် ၇၃လမ်းကြား၌ စတုဒိသာအကျွေးအမွေးများ၊ တေးဂီတဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသဖြင့် မန္တလေး မြို့တော်သူ၊ မြို့တော်သားအပေါင်းတို့မှ မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်အား အတူတကွ ပါဝင်ဆင်နွှဲကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၆-၁၀-၂၀၂၆ (တနင်္လာနေ့)၊ ၁၃ရစခနှစ်၊ သီတင်းကျွတ်လပြည့်နေ့

အချိန် - ညနေ(၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီအထိ

နေရာ - ၂၆လမ်း၊ ၆၆လမ်းမှ ၇၃လမ်းအထိ

ဖျော်ဖြေရေး - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့

အစီအစဉ် (၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား) စင်မြင့်တွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် မေခလာ၊ L ဆိုင်းဇီ၊ မယ်လိုဒီ၊ ရဲထွဋ်ကျော်၊ ဘိုမ(ကေတုမတီ)၊ ချစ်ခွဲသာ၊ ပန်းလေး၊ ဇကရီစုစံ၊ နိုင်ဇင်လင်း၊ ယွန်းမိ၊ နော်ထူး၊ ထက်ထက်၊ DJ Bella၊ Dancersအဖွဲ့များနှင့် မန်းစည်ပင်ခေတ်ပေါ်တေးဂီတအဖွဲ့

ဧည့်ခံကျွေးမွေးရေး - စတုဒိသာ မဏ္ဍပ်များ

သီတင်းကျွတ်ဆီမီးထွန်းပွဲတော်အတွက် ခေတ္တလမ်းပိတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ သီတင်းကျွတ်ဆီမီး (၁၀၀၀၀)မီးထွန်းပွဲတော်ကို သီတင်းကျွတ်လပြည့်ည (၂၆-၁၀-၂၀၂၆)ရက်တွင် မန္တလေးမြို့၊ ၂၆လမ်း၊ ၆၆လမ်းနှင့် ၇၃လမ်းကြား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အဆိုပါ လမ်းနေရာအား (၂၄-၁၀-၂၀၂၆)ရက်နေ့ ၁၈း၀၀နာရီမှ (၂၇-၁၀-၂၀၂၆)ရက်နေ့ ၀၆း၀၀နာရီအထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



မန္တလေး အောက်တိုဘာ ၂၂

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ) တာဝန်ခံညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့နှင့် ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ပြည်ကြီးတံခွန်မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့်ဝန်ထမ်း ၄၅ ဦး တက်ရောက်ခဲ့ကြပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ ပို့ဆိုသိရှိနားလည်စေရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိလိုက်နာနိုင်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဟောပြောပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ဟောပြောပွဲကို သတ်မှတ်အစီအစဉ်များအတိုင်း ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)



ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်တွင် သီတင်းကျွတ်ပွဲတော် ၅ ရက်ကျင်းပမည်၊ ဥယျာဉ်ဖွင့်ချိန် တိုးမြှင့်ထားရှိ

မန္တလေး အောက်တိုဘာ ၂၂

ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် သီတင်းကျွတ်ပွဲတော်ကို အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ၅ ရက်တိုင် ကျင်းပမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဥယျာဉ်ဖွင့်ချိန်ကို ည ၁၀ နာရီအထိ တိုးမြှင့်ပေးသွားမည်ဖြစ်သည်။

Thadingyut's Night Poem 2026 အမည်ဖြင့် ကျင်းပမည့် အဆိုပါပွဲတော်ကာလအတွင်း ဥယျာဉ်ကို နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။

ထို့အပြင် ဥယျာဉ်အတွင်း မီးအလှများဖြင့် အလှဆင်ထားမည်ဖြစ်ရာ သီတင်းကျွတ်ပွဲတော်ကို လာရောက်ဆင်နွှဲနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

(ဝဲပုံ) ရွှေမန်း

တရားဦးဓမ္မစကြာ တရားတော်(၁၀)

အရင်ဆောင်းပါး(၉)မှာ ပထမသစ္စာ(၃)ပါးနဲ့ပတ်သက်လို့ ဥာဏ် (၃)ပါးစီကို ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ၄။**မဂ္ဂသစ္စာနဲ့ပတ်သက်တဲ့ ဥာဏ်(၃)ပါး** ဂါထာ(၁၇)(၁၈)(၁၉) ဒုက္ခခပ်သိမ်း ငြိမ်းအေးဖို့ရာအတွက် တစ်ခုတည်းသော လမ်းတစ်ခုတည်း သောအကျင့် **တစ်ခုတည်းသောကျင့်စဉ်** ဆိုတာ **မဂ္ဂင်ရှစ်ပါး** ပါပဲ ဆိုတာကိုသိတာ **သစ္စာဉာဏ်။**

မဂ္ဂင်ရှစ်ပါးမှာ ညွှန်ပြမိန့်ဆိုတော်မူခဲ့တဲ့အတိုင်း **လက်တွေ့ဘဝ**မှာ သမ္မာဒိဋ္ဌိဆိုတဲ့ **မှန်ကန်တဲ့အမြင်**ပေါ် အခြေခံ။ မှန်ကန်တဲ့ **အတွေး၊ အပြော၊ အလုပ်၊ အသက်မွေးဝမ်းကျောင်းမှုတွေလုပ်။** လုပ်တဲ့အခါမှာလည်း စိတ်ကူးပေါက်တဲ့အခါမှ ထလုပ်။ ကျန်တဲ့ အချိန်မှာ တွေးချင်ရာတွေး၊ ကြံချင်ရာကြံ၊ ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်၊ အသက်မွေးတဲ့ အလုပ်မှာလည်း အမြတ်အစွန်းရရင် ပြီးရော ဘာအလုပ်ဖြစ်ဖြစ် လုပ်တာမျိုးတွေကို လုံးဝရှောင်ရပါမယ်။

အမြင်မှန်ကိုလည်း မလွတ်တမ်းဆုပ်ကိုင်ထားရပါမယ်။တွေးတော၊ ပြောတာ၊ လုပ်တာ၊ အသက်မွေးတာ အားလုံးမှန်မှန်ကန်ကန် **လမ်းကြောင်းမှန်ပေါ် တည့်မတ်နေအောင် သတိထား**ရမှာ ဖြစ်သလို **ဝိရိယ**စိုက်ပြီး **စိတ်ကို တည်တည်ငြိမ်ငြိမ်** ထားနိုင်ရပါမယ်။

အဲဒီအတိုင်း ဘဝလမ်းကို ကြိုးစားလျှောက်လှမ်းနေတာက လုပ်သင့်၊ လုပ်ထိုက်တဲ့ မှန်ကန်တဲ့အလုပ်ကိစ္စတွေကို ဆောင်ရွက်လုပ်ကိုင် တာဖြစ်လို့ **ကိစ္စဉာဏ်**ပါ။

မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို တစ်ဖြောင့်တည်း တစ်သဝေမတိမ်း ကျင့်ဆောင်နိုင်ပြီဆိုတဲ့ တစ်နေ့မှာတော့ လုပ်ဆောင်ရမယ့်ကိစ္စ အားလုံး လုပ်ဆောင်ပြီးသွားပြီဖြစ်တဲ့အတွက် **ကတဉာဏ်**ပါ။

ဒီအဆင့် ကတဉာဏ်ရသွားပြီဆိုရင်တော့ ဒုက္ခခပ်သိမ်း ငြိမ်းအေးသွားပြီဆိုတော့ ကျွန်မတို့ပြောပြောနေတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သွားမှာ ဖြစ်ပါတယ်။

အခုပြောတဲ့ ကတဉာဏ်အဆင့်ရောက်ဖို့ဆိုတာကတော့ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် **အချိန်ဘယ်လောက်ကြာမလဲ** ဆိုတာ တူညီကြမှာမဟုတ်ပါဘူးဆိုတာတော့ သေချာပါတယ်။ ဘဝအဆက်ဆက် ဖြည့်ကျင့်ခဲ့တဲ့ **ပါရမီတွေ**၊ ဒီဘဝမှာ ကျွန်မတို့မှာ ရှိတဲ့ **ဉာဏ်တွေ**၊ စိုက်ထုတ်တဲ့ **ဝီရိယတွေ**မှ မတူညီကြတာ။

ဘယ်လိုပဲပြောပြော မြတ်စွာဘုရားရှင် ညွှန်ပြတော်မူခဲ့တဲ့ လမ်း(မဂ္ဂ)မှာပါတဲ့ အချက်(၈)ချက်ကိုတော့ ကျွန်မတို့ အတတ်နိုင်ဆုံး လိုက်နာကျင့်သုံးသွားကြရမှာပဲ ဖြစ်ပါတယ်။

ဘုရားရှင်ကတော့ မဂ္ဂင်ရှစ်ပါးကို အထပ်ထပ်အခါခါပွားများရမယ်။ ထုံမွမ်းရမယ်လို့ မိန့်ခဲ့ပါတယ်။

ဘာဝေတိ=ပွားစေသည်၊ ထုံမွမ်းစေသည်။(**ပါဠိ=မြန်မာအဘိဓာန်** စာ-၆၅၆)

ကျွန်မလည်း ဓမ္မာစကြာတရားတော်နဲ့ပတ်သက်လို့ ကျွန်မ ဖတ်မိ၊ မှတ်မိသမျှ မျှဝေခဲ့တာ အခုဂါထာ(၁၉)အထိ ရောက်ခဲ့ပါပြီ။ အချုပ်ပြောရရင်-

ဓမ္မာစကြာတရားတော်မှာ ကျွန်မ နားလည်သလောက်ဆိုရင် ဂါထာ(၂)မှ (၁၉)အထိ လက်တွေ့ကျင့်ရမယ့် တရားတွေဖြစ်ပါတယ်။ ဂါထာ(၂)က အစွန်းတရားနှစ်ပါး ရှောင်ဖို့မိန့်ထားတယ်။

(၃) အလယ်အလတ်အကျင့်တရားလိုက်ဖို့ မိန့်တယ်။

(၄)(၅)(၆)(၇)သစ္စာလေးပါးကို ဟောတော်မူတယ်။ ဒီတရားက ဗုဒ္ဓဝါဒမှာ အဓိကအကျဆုံးတရား ဖြစ်ပါတယ်။ ဗုဒ္ဓဝါဒရဲ့ အနှစ်ချုပ်တရား၊ အခြေခံအကျဆုံးလမ်းညွှန်တရားလို့ ပြောရပါမယ်။

(၈)(၉)(၁၀)၊ (၁၁)(၁၂)(၁၃)၊ (၁၄)(၁၅)(၁၆)၊ (၁၇)(၁၈)(၁၉) ဒီဂါထာ(၃)ပုဒ်စု အစု(၄)စုက သစ္စာတစ်ခုချင်းစီမှာ ဉာဏ် (၃)မျိုးစီ ရအောင်ကျင့်နည်း မိန့်ထားတာဖြစ်ပါတယ်။

ကျွန်မတို့ တကယ်လုပ်ဖို့လိုတာက-ဂါထာ(၂)နဲ့(၃)-ဦးနှောက်ထဲ ထည့်ထားမယ်။ အရေးကြီးဆုံးက-(၄)(၅)(၆)(၇)-တကယ် နားလည် လက်ခံနိုင်အောင် လုပ်ရပါမယ်။ ပထမနားလည်အောင် လုပ်မယ်။ ပြီးရင် တကယ်ဟုတ်၊ မဟုတ်မှန်၊ မမှန် သေသေချာချာ စဉ်းစားချင့် ချိန်ကြည့်မယ်။ မြတ်စွာဘုရားရှင်ကလည်း ကျွန်မတို့ကို မျက်စိမှိတ် မယုံနဲ့ ပြောထားတာပါ။ ဘယ်လိုပဲ စဉ်းစားစဉ်းစား၊ ဒေသမရွေး အချိန်မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ယောကျ်ား၊ မိန်းမ မရွေး အားလုံးအတွက် မှန်တာပါလားဆိုတာ ကျွန်မတို့တွေ့မှာ သေချာပါတယ်။ ဒါကြောင့်လည်း မြတ်စွာဘုရားရှင်ကိုယ်တော် တိုင်က 'သစ္စာ'ဆိုတဲ့ စကားလုံးကို သုံးတော်မူခဲ့တာ မဟုတ်ပါလား။

ဂါထာ(၈)မှ(၁၉)အထိ သစ္စာတစ်ခုချင်းစီကို ဉာဏ်(၃)ပါးရတဲ့အထိ တစ်ဆင့်ပြီးတစ်ဆင့် လက်တွေ့ဘဝယ်လိုလုပ်ရမလဲ မိန့်ထားတာဆိုတော့ ကျွန်မတို့ ကြိုးစားလုပ်ကြည့်ကြရမှာပဲ ဖြစ်ပါတယ်။ **ကြိုးစားလုပ်ကြည့်တာက ပထမဦးဆုံးအဆင့်** ဖြစ်သလို **အရေးအကြီးဆုံးအဆင့်** လည်း ဖြစ်ပါတယ်။ အလုပ်တစ်ခု စ၊မိဖို့ အရေးကြီးဆုံး မဟုတ်ပါလား။ ကျွန်တာကတော့ ကျွန်မတို့ရဲ့ အဘိုး၊ အဘွား တွေပြောလေ့ရှိသလိုမျိုး ပြောရရင်

'တစ်နေ့တလံ ပုဂံဘယ်ရွေ့မလဲ'

ကျွန်မတို့ အားခဲပြီးလုပ်ရင် တဖြည်းဖြည်းနဲ့တော့ ခရီးပေါက်ပြီး ပုဂံကိုရောက်မှာ သေချာပါတယ်။ **ဂါထာ(၂၀)မှ (၃၀)**ထိ-သစ္စာလေးပါး၊ ဉာဏ်(၃)ပါးတို့ကို ဟောပြီးတော်မူပြီးနောက်မှာ ဖြစ်တဲ့အဖြစ် အပျက်တွေကိုသာ ဖော်ပြထားတာတွေ့ရပါတယ်။ ဂါထာ(၂၀)မှာ မြတ်စွာဘုရားရှင်က ပဥ္စဝဂ္ဂိုင်ငါးတို့အား သစ္စာလေးပါးမြတ်တရားကို ဟောတော်မူပြီးတဲ့အခါမှာတောင် မြတ်စွာဘုရားရှင်ကို သဗ္ဗညုတဉာဏ်ကို ရရှိတော်မူပြီးဖြစ်တဲ့ သမ္မာသမ္ဗုဒ္ဓအဖြစ် လက်ခံဖို့ တုံ့နေ့နေကြတာကို သိမြင်တော်မူခဲ့ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်က သစ္စာလေးပါး မြတ်တရားပဋိစ္စသမုပ္ပါဒ်တရားတို့ကို မသိသေး၊ အရှိကို အရှိအတိုင်းသိမြင်တဲ့ ယထာဘူတဉာဏ်ကို မရရှိ သေးသမျှကာလပတ်လုံး ယခင် ယခင် အခါကာလတွေတုန်းက သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ပြီဟု တစ်ခါမျှ ဝန်မခံခဲ့ဖူးတဲ့အကြောင်း ဂါထာ(၂၀)မှာ မိန့်တော်မူပါတယ်။

ဂါထာ(၂၁)မှာတော့ ပြောခဲ့တဲ့တရားတွေကိုလည်း သိပြီးဖြစ်၊ ယထာဘူတဉာဏ်ကိုလဲရပြီးဖြစ်လို့သာလျှင် ယခုအခါ သမ္မာသမ္ဗုဒ္ဓ ဖြစ်ပြီဟု ဝန်ခံတော်မူတာဖြစ်ကြောင်း ပဥ္စဝဂ္ဂိတို့အား မိန့်တော်မူ ပါတယ်။

သမ္မာသမ္ဗုဒ္ဓဖြစ်ပြီးဖြစ်တဲ့အတွက်-

၁။ ကိလေသာတရား (လောဘ၊ ဒေါသ၊ မောဟ စသည်တို့)က မဖျက်ဆီးနိုင်တော့ပါ။ (အကုပ္ပါ)

၂။ ကိလေသာတို့မှ လွတ်မြောက်ပြီးဖြစ်သည်။ (ဝိမုတ္တိ)

၃။ ဇာတိ(ပဋိသန္ဓေ နေရခြင်း)ကြောင့် မပင်ပန်းတော့။ (မန္တိမာဇာတိ)

၄။ ဘဝသစ်၌ဖြစ်ခြင်း(ပုနဗ္ဘဝေါ)ဆိုတာမရှိတော့(နိတ္ထိ)

(**ပါဠိ-မြန်မာအဘိဓာန်** စာ-၄၊ ၇၈၉၊ ၆၇၈၊ ၆၁၁)ဒီအချက် (၄)ချက်ကို အဖန်ဖန်ဉာဏ်ဖြင့် သက်ဝင်၍ ဆင်ခြင်ခြင်း(ပစ္စဝေက္ခဏာ ဉာဏ်)ဖြင့် ဘုရားရှင်သိမြင်တော်မူခဲ့ကြောင်းပါ။ ဒါက **ဂါထာ(၂၂)** ပါ။ ဒီတော့ ပဥ္စဝဂ္ဂိငါးပါးက ဘဝဝါဘုရားရှင်တရားဟောတာကို လိုလိုလားလားရှိကြပြီး အလွန်မှ နှစ်သက်ဝမ်းမြောက်ကြပါတယ်။ (အာဒိနန္ဒိန္တိ) **(ဂါထာ-၂၃)**တစ်ဆက်တည်းပြောရမယ်ဆိုရင် ပဥ္စဝဂ္ဂီငါးပါးထဲက အသက်အကြီးဆုံး(အာယသ္မတော)ဖြစ်တဲ့ ရှင်ကောဏ္ဍညဟာ-

၁။ ရာဂစသောမြူမှုန်များ ကင်းစင်သွားပါတယ်။ (ဝိရဇံ)၊

၂။ အညစ်အကြေးကင်းသွားပါတယ်။ (ဝီတမလံ)၊

၃။ ဓမ္မမျက်စေ့ ထင်ရှားဖြစ်တယ်။(ဓမ္မစက္ခုံ ဥဒပါဒိ)၊

၄။ တဏှာစသောအကြောင်း တရား(သမုဒယဓမ္မ)အားလုံးက လွတ်မြောက်တော်မူပါတယ်။ **ပါဠိ-မြန်မာအဘိဓာန်** စာ-၁၆၈၊ ၇၉၀၊ ၈၀၄၊ ၆၈၀ ဒါက **ဂါထာ(၂၄)**ပါ။ **ဂါထာ(၂၅)** ကတော့ ဓမ္မစကြာမှာ အရှည်ဆုံးဂါထာပါ။ ဒါပေမဲ့ ကျွန်မတော့် ကျက်ရ လွယ်တယ် ထင်ပါတယ်။ အပိုဒ်(၈) ပိုဒ်ရှိရာမှာ **ပထမ(၇)ပိုဒ်ရဲ့ အဆုံးပိုင်း(၆)ကြောင်း**က အတူတူဖြစ်နေလို့ပါ။ အဲဒီ(၆)ကြောင်း ပြောတာက 'ဓတံ ဘဂဝတာ ဗာရာဏသိယံ...လောကသ္မိံတိ'အထိ ဘဂဝါဘုရားရှင်ဟာ ဗာရာဏသီမြို့ ဣသိပတနေလို့လည်းခေါ်၊ မိဂဒါဝုန်လို့လည်း ခေါ်တဲ့တောမှာ အနှိုင်းမဲ့အမြတ်ဆုံး(အနုတ္တရဲ့)ဖြစ်တဲ့ **ဓမ္မစက်ကြာတရားတော်ကို ဟောနေပါပြီ။** အခြားမည်သည့် ရဟန်း(သာမဏေ)၊ ဗြာဟ္မဏော(ရဟန္တာ)၊ နတ်မင်း(ဒေဝေါ)၊ မာရ်ရန်တမင်း(မာရေါ)၊ ဗြဟ္မာမင်း(ဗြဟ္မာ)တို့မှ တုဖတ်ပြု၍ ဟောကြားနိုင်စွမ်းမရှိတဲ့ တရားကို ဟောတော်မူနေပါပြီ'ဆိုတာကိုပဲ ဟစ်ကြွေး(ပန)ရင်း ကောင်းချီးပေးနေကြတာပါ။ (**ပါဠိ-မြန်မာအဘိဓာန်** စာ-၉၃၊ ၈၅၆၊ ၆၄၅၊ ၄၄၆၊ ၆၉၀၊ ၆၄၃၊ ၅၄၇)။ ၁။ 'ဘုမ္မာဒေဝါသဒ္ဒ မနုဿ ဓေသုံ'ဆိုတာက မြေမှာဖြစ်သော ဘုမ္မစိုး၊ **ရက္ခစိုးနတ်တို့ရဲ့ ဟစ်ကြွေးတဲ့အသံ**ဟာ လူဘုံ(မနုဿဓေသုံ) တစ်ခုလုံးမှာ **ပျံ့နှံ့သွား**တယ်လို့ ပြောတာပါ။

၂။'ဘုမ္မိနံဒေါနံ သဒ္ဒံ သုတ္ဝာ၊ စာတု မဟာရာဇိကာဒေါသဒ္ဒ မနုဿဓေသုံ'ဆိုတာက အဲဒီဘုမ္မစိုး၊ ရက္ခစိုးနတ်တွေရဲ့ ဟစ်ကြွေးသံဟာ နတ်ပြည်(၆)ထပ်ထဲက အောက်ဆုံးအဆင့်ဖြစ်တဲ့ **စတုမဟာရာဇိ ကာနတ်ဘုံ** မှလူ့ဘုံအထိလည်း ပျံ့နှံ့သွားတဲ့အကြောင်း ပြောထားတာ ဖြစ်ပါတယ်။

ထိုနည်းတူ **နတ်ပြည်(၆)ထပ် တစ်ဆင့်ပြီးတစ်ဆင့်** တက်တက်သွားပြီး ဘဂဝါဘုရားရှင် ဓမ္မစက်ကြာတရား ဟောနေပါတယ် ဆိုတဲ့ သတင်းစကားကို ဟစ်ကြွေးသွားလိုက်ကြတာ အဲဒီအသံဟာ **ထက်အောက်စုန်၊ ဆန် ပျံ့နှံ့သွားပါသတဲ့။**

ဘုမ္မာဒေဝါတွေရဲ့ ဟစ်ကြွေးသံက လူ့ဘုံ၊ စတုမဟာရာဇိကာဘုံသို့ ပျံ့။ စတုမဟာရာဇိကာနတ်တွေရဲ့ ဟစ်ကြွေးသံက တာဝတိံသာနတ်ဘုံ တာဝတိံသာနတ်တွေရဲ့ ဟစ်ကြွေးသံက ယာမာနတ်ဘုံ ဒီအတိုင်းတက်သွားတာ တုသိတာ၊ နိမ္မာနရတီ၊ ပရနိမ္မိတဝသဝတ္တီနတ်ဘုံအထိ ပျံ့နှံ့သွားပါတယ်။ တစ်ချိန်ထဲမှာလည်း ပဲ အဲဒီနတ်တွေ တစ်ဆင့်ပြီးတစ်ဆင့် ဟစ်ကြွေးသံတွေကလည်း လူ့ဘုံသို့ ပြန်လည်ပျံ့နှံ့ကြောင်း ဖော်ပြထားတာပါ။ နတ်ပြည်(၆)ထပ်ကိုတော့ အားလုံးသိနေကြတာပဲလေ။

၁။ စတုမဟာရာဇိကာဘုံ၊ ၂။တာဝတိံသာ၊ ၃။ယာမာ၊ ၄။ တုသိတာ၊ ၅။နိမ္မာနရတီ၊ ၆။ပရနိမ္မိတ။ အဲဒီ နတ်ပြည်ခြောက်ထပ်ပြီးတော့ **ဗြဟ္မာ့ဘုံ(၂၀)**လာတယ် မဟုတ်ပါလား။ ဒီဂါထာ(၂၅)မှာ အဲဒီ ဘုံ(၂၀)ကိုတော့ တစ်ခုချင်း မပြောထားပါဘူး။

အပိုဒ်(၈)မှာ 'ပရ နိမ္မိတ ဝသဝတ္တိနံ ဒေဝါနံ သဒ္ဒံသုတ္ဝာ ဗြဟ္မကာယိကာဒေါ သဒ္ဒ မနုဿဓေသုံ'ဆိုပြီး အကျဉ်းချုံးထားပါတယ်။ ဝသဝတ္တီနတ်တွေရဲ့အသံဟာ ဗြဟ္မာ့ဘုံကို ပျံ့နှံ့သွားသလို အဲဒီဘုံက ဟစ်ကြွေးသံကလည်း လူ့ဘုံသို့ ပြန်လည်ရောက်ရှိ ပျံ့နှံ့သွားတယ်လို့ ပြောထားတာ ဖြစ်ပါတယ်။

အဲဒီတော့ ဘဂဝါဘုရားရှင် ဓမ္မစက်ကြာဟောတော်မူတဲ့ သတင်းစကားဟာ ဘုမ္မာဒေဝါနတ်တွေက စ၊လိုက်တာ လူ့ဘုံ၊ နတ်ပြည်(၆)ထပ်၊ ဗြဟ္မာ့ဘုံ(၂၀)အထိ စုစုပေါင်း(၂၇)ဘုံစလုံး ပျံ့နှံ့သွားတယ်ပေါ့။ ဘုရားရှင် မိန့်တော်မူခဲ့တဲ့ (၃၁)ဘုံရှိရာမှာ အပါယ်(၄)ဘုံကတော့ မသိလိုက်ရှာကြပါဘူး။ အကုသိုလ်မကောင်းမှုတွေ လုပ်ခဲ့တာ များလွန်းလို့ပေါ့လေ။

ဒေါက်တာခင်ဝင်းကြည်

ပလတ်စတစ်အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာပေး Talk Show ကျင်းပ



ကျွန်းလှ အောင်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပလတ်စတစ်အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာပေး Talk Show ကို အောက်တိုဘာ ၂၁ နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်နှင့် ရုပ်သံကျွမ်းကျင်-၃ ဒေါ်လှလေးစိန်တို့က ပလတ်စတစ်အမှိုက်အမျိုးအစားများ၊ ပလတ်စတစ်အမှိုက်စနစ်တကျစွန့်ပစ်ခြင်းဖြင့် အကျိုးကျေးဇူးများနှင့် အမှိုက်ကင်းစင်သော ပတ်ဝန်းကျင်ဖြစ်စေရန် လိုက်နာဆောင်ရွက်ရမည့် အကြောင်းတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနမှ အသိပညာဗဟုသုတများ ရရှိရေးအတွက် စာအုပ်စာစောင် အခမဲ့ဝှေးရမ်းပေးခြင်း၊ စာဖတ်ရှုနိုင်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ အသိပညာပေးဟောပြောပွဲနှင့် Talk Show ဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝံ့) (၄၈၀)

ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး (Talk Show) ကျင်းပ



ပုသိမ်ကြီး အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန Community Centre တွင် အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီက ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး (Talk Show) ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးပွဲတွင် ကလေးအလုပ်သမား၏ အခြေခံအကြောင်းအရင်းများနှင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားကို ခိုင်းစေမှုအကြောင်းများ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းခဲ့ကြသည်။ အသိပညာပေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းသီတာနိုင်တို့က အသိပညာပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝံ့)
ရွှေရန်ကင်း

လူထုအခြေပြုဗဟိုဌာန၌ သတင်းရေးသားနည်းသင်တန်း(၄/၂၀၂၆)ဖွင့်လှစ်သင်ကြား



ပခုက္ကူ အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက သတင်းရေးသားနည်းသင်တန်း (၄/၂၀၂၆) ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းယုမော်၊ ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့် မြို့နယ်တာဝန်ခံ ဦးစီးအရာရှိများက သတင်း၏အနက်အဓိပ္ပာယ်၊ သတင်းအချက်အလက် စုဆောင်းနည်း၊ သတင်းရေးသားနည်း၊ သတင်းဆောင်းပါးရေးသားနည်း၊ သဒ္ဒါအသုံးအနှုန်း၊ ဝါကျဖွဲ့စည်းပုံနှင့် စာလုံးပေါင်းသတ်ပုံမှန်ကန်ရေး၊ သတင်းကောင်းတစ်ပုဒ် တည်ဆောက်ရာတွင် ပါဝင်ရမည့်အချက်များ၊ တွေ့ဆုံမေးမြန်းရာတွင် ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ သတင်းထောက်တစ်ဦးလိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များ၊ သတင်းမီဒီယာဥပဒေနှင့်နည်းဥပဒေများအကြောင်းတို့ကို Online Zoom Meeting စနစ်ဖြင့် အောက်တိုဘာ ၂၀ ရက်မှ ၂၁ ရက်အထိ သင်ကြားပို့ချပေးရာ ပခုက္ကူခရိုင်ရုံးဝန်ထမ်းများနှင့် တွဲဖက်ဝန်ထမ်းများ၊ ရေစကြို၊ မြို့ငှက်၊ ပေါက်နှင့်ဆိပ်ဖြူမြို့နယ်ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝံ့)
(၃၄၀)



ရေဆင်းပေါ်ဆန်း-၂ စမ်းသပ်စိုက်ခင်း စံကွက်ရိတ်သိမ်း

မိုင်းဓတ် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဓတ်မြို့နယ်တွင် ၂၀၂၆-၂၀၂၇ မိုးစပါးရာသီရေဆင်းပေါ်ဆန်း-၂ စမ်းသပ် စိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းက ဝမ်ခုတ်ကျေးရွာအုပ်စု၊ ယန်းမိုင်(လား၀ဘူ)ကျေးရွာ တောင်သူဦးကျွဲစီး၏ လယ်မြေ တစ်ဧကၽွ ဆောင်ရွက်ခဲ့သည်။

အဆိုပါရေဆင်းပေါ်ဆန်း-၂ စမ်းသပ်စိုက်ခင်း စံကွက်ရိတ်သိမ်းရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးယုမောင်၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးဇော်ဇော်လင်းနှင့် ဝမ်ခုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြပြီး ရေဆင်းပေါ်ဆန်း-၂ စံကွက်ရိတ်သိမ်းရာတွင် အစိုထွက်နှုန်းတင်း ၁၀၁ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

(ယာဝုံ)
မြို့နယ်(ပြန်/ဆက်)
o-o-o-o-o

ဗတ်စရာ၊ မှတ်စရာ
ခုံလင်
ဖြန်ကြေး

ဝါလကင်းလွတ် သီတင်းကျွတ်

* ခါတော်မီဝါကင်းလွတ်
သီတင်းကျွတ် "တူ"ရာသီ
မြိုင်ဆိုင်စွာ ထွန်းကာညို
မီးပုံးဝေစည်
သံယဂုဏ်ရည်
သိမ်တော်ဆီအရောက်လှမ်း
"ပဝါရဏာ"ညီညာပြုလို့
ဝါကျွတ်အောင်ပန်း။
* ကြာငါးမည်ကြိုင်လှိုင်သင်းစွ
မိုးနှောင်းလဆောင်းကူးပြီ
"အဿဝဏီ"ယှဉ်နက္ခတ်
"စန်း"နှင့်တူမိ
တိမ်ပန်းချီ
ဝတီပြည်အရောက်မြန်း
"သန္တသီ"မွေးမယ်နတ်ကို
ကျေးဇူးဆပ်ခန်း။
* အဘိဓမ္မ
မြတ်လှသည့် ဓမ္မအဆီ
သာသနာရောင်ဝါလင်း
ထွန်းလင်းခါမီ
"မိဘ"နှင့် "ဆရာ"စုံညီ
ဝါကျွတ်ပြီ မယုက်တမ်း
အဋ္ဌလိစုံလင်စွာနှင့်
ဂုဏ်အင်ဖြာဖြာ ရည်ရော်လို့
ကျေးဇူးတော်အနန္တကို
ဦးချကန်တော့ပန်း။ ။

မောင်မြဝေ(ယောမင်းကြီး)



နိုင်ငံတကာ အားကစား သတင်းများ



ရီးရဲလ်မက်ဒရစ်အသင်းက လိုက်ပစစ်အသင်းကို လေးဂိုး၊ တစ်ဂိုးပြင့် အနိုင်ရရှိ

မက်ဒရစ် အောက်တိုဘာ ၂၂

ဥရောပ ချန်ပီယံလိဂ် ဘော လုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် လိုက် ပစစ်အသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ ရီးရဲလ်မက်ဒရစ်အသင်းက လိုက်ပစစ်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်း အတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် ဘရာဒိုဆေးလ် ဗား၊ ပွဲချိန် ၅၂ မိနစ်တွင် ဗူလာ၊ ပွဲချိန် ၅၅ မိနစ်တွင် ဗာဗေ၊ ပွဲချိန် ၈၇ မိနစ်တွင် ဒီယိုမန်ဒီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဥရောပ ချန်ပီယံလိဂ် ဘောလုံး ပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ် အဖြစ် လာမည့် နိုဝင်ဘာ ၅ ရက် တွင် AEK အေသင် အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွား မည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

ဟယ်ရီကိန်း ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၀ ပွဲဆက် ဂိုးသွင်းနိုင်သူအဖြစ် စံချိန်မှတ်တမ်းဝင်



မြူးနစ် အောက်တိုဘာ ၂၂

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၀ပွဲဆက် ဂိုး သွင်းနိုင်သူအဖြစ် စံချိန်မှတ်တမ်း ဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဥရောပ ချန်ပီယံလိဂ် ဘောလုံး ပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ် အသင်းနှင့် အာဆင်နယ်အသင်း တို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင် ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်း သည် ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ပွဲကစားပြီး ၁၀ ဂိုးထိ သွင်းယူထားသည်။ **(ဝဲပုံ)**


အသက်(၃၃)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက 'ကျွန်တော် အခု လို စံချိန်မှတ်တမ်းတစ်ရပ် ပိုင် ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါ တယ်။နောက်ထပ်လည်း အသင်း အတွက် သွင်းဂိုးတွေ ဆက်လက် သွင်းယူနိုင်ဖို့ ကြိုးစားသွားမှာ ပါ' ဟု ပြောသည်။ **(NGB)**

ဒါဟစကယ်လီယာ ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ယဉ်နှစ်ဘောလုံးရာသီကုန်အထိ အနားယူရပွယ်ရှိ

ပါရီ အောက်တိုဘာ ၂၂

ပီအက်စ်ဂျီအသင်း တောင်ပံ ကစားသမား ခါဗာစကယ်လီယာ သည် ဒူးအရွတ်စုတ်ပြဲဒဏ်ရာ ကြောင့် ယခုနှစ်ဘောလုံးရာသီကုန် အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တောင်ပံကစား သမားသည် ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေး လိဂ် အဆင့်ပွဲစဉ်အဖြစ် ပီအက်စ်ဂျီ အသင်းက ဘာစီလိုနာအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန် စွာ ရရှိခဲ့ခြင်းဖြစ်သည်။



တောင်ပံကစားသမား ခါဗာ စကယ်လီယာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပီအက်စ်ဂျီ အသင်းအတွက် ကြိုးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့ သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ခါဗာစကယ်လီယာသည် ပီ အက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံး ရာသီအထိ ပြိုင်ပွဲစုံ ၉၁ ပွဲကစား ပြီး ၂၉ ဂိုး သွင်းယူကာ ခြေစွမ်း ပြထားသည်။ **(ဝဲပုံ)(NGB)**

ဖီကာယိုတိုမိုရိုကို ခေါ်ယူရန် နယူးကာဆယ်အသင်း ကမ်းလှမ်း

လန်ဒန် အောက်တိုဘာ ၂၂

နယူးကာဆယ်အသင်းသည် အေစီမီလန်အသင်း နောက်ခံ ကစားသမား ဖီကာယိုတိုမိုရိုကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အေစီ မီလန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၆-၂၀၂၇ ဘောလုံး ရာသီအထိ ပြိုင်ပွဲစုံ ၂၁၆ ပွဲကစား ပြီး ၇ ဂိုး သွင်းယူကာ ခြေစွမ်းပြ နိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ် အသင်းက ခေါ်ယူရန် ကမ်းလှမ်း ခဲ့ခြင်းဖြစ်သည်။



ဖီကာယိုတိုမိုရိုကိုယ်တိုင်က လည်း လက်ရှိအချိန် အေစီမီလန် အသင်းနှင့် အဆင်မပြေဖြစ်နေ ခြင်းကြောင့် အသင်းမှ ထွက်ခွာ လိုလျက်ရှိသည်။

ထို့ကြောင့် နယူးကာဆယ် အသင်းအနေဖြင့် အေစီမီလန် အသင်းထံမှ ဖီကာယိုတိုမိုရိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည် မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

ဘောလုံးသတင်း အတိုအထွာများ

* မန်ယူအသင်းသည် ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်တွင် ကိုမိုအသင်းကို လေးဂိုး၊ တစ်ဂိုး ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နောက်ဆုံးပြိုင်ပွဲစုံ (၇)ပွဲဆက် နိုင်ပွဲပျောက် ဆုံးခဲ့ပြီး အဆိုးရွားဆုံး အခြေအနေနှင့် ရင်ဆိုင်နေရသည်။
* လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ဘာစီလိုနာ အသင်း နောက်ခံကစားသမား ဇာဗီအက်စ်ပတ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

ပွတ်ကီ ဘောလုံးကစားသမားဘဝမှ အနားယူ

လန်ဒန် အောက်တိုဘာ ၂၂

ဖင်လန်လက်ရွေးစင်အသင်း နှင့် နော့ဝှစ်ချ်အသင်း တိုက်စစ် မှူးဟောင်း ပွတ်ကီ ဘောလုံး ကစားသမားဘဝမှ အနားယူ ကြောင်း အတည်ပြု ထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက် တွင် နော့ဝှစ်ချ်၊ ဆဲလ်တစ်၊ ဆီဗီ လာ စသည့်ကလပ်အသင်းများ အပြင် အခြားကလပ်အသင်းများ စွာတွင် ကစားပြီး အောင်မြင်မှု များ ရယူနိုင်ခဲ့သလို၊ နိုင်ငံ့ လက် ရွေးစင်အသင်းဖြစ်သည့် ဖင်လန် လက်ရွေးစင်အသင်းနှင့်လည်း ၂၀၀၉ မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံ တကာပွဲပေါင်း ၁၃၃ ပွဲကစားပြီး ၄၃ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြ ထားသည်။ **(အပေါ်ယာပုံ)**



အသက်(၃၆)နှစ်အရွယ်ရှိ ပွတ်ကီက 'ကျွန်တော် ဘောလုံး ကစားသမားဘဝမှ အနားယူပါ ပြီ။ ဘောလုံးကစားခဲ့တဲ့အချိန် တွေကိုလည်း အမြဲအမှတ်ရနေ မှာပါ'ဟု ပြောသည်။ **(NGB)**

2026 Queretaro Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၂၆ ရက်တွင် စတင်မည်

လန်ဒန် အောက်တိုဘာ ၂၂

မက္ကဆီကိုနိုင်ငံတွင် ကျင်းပ ပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Queretaro Open တင်းနစ် ပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၂၆ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Queretaro Open တင်းနစ်ပြိုင်ပွဲကို အောက် တိုဘာ ၂၆ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ၈ရက်ကြာ ကျင်းပ သွားမည်ဖြစ်သည်။

2026 Queretaro Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Queretaro Open တင်း နစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ချက်တင်းနစ်မယ် Sara Bejlek ဖြစ်သည်။ **(အောက်ပုံ)(NGB)**



အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	အစ်ဆွစ်ချ်	- နော်တင်ဟမ်	အစ်ဆွစ်ချ် ၂-၄	နော်တင်ဟမ်	ပြီး
နံနက် ၀၁း၃၀ နာရီ			နော်တင်ဟမ် ၁-၀	အစ်ဆွစ်ချ်	ပွဲ-၄၅၇

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	အလာဗက်စ်	- မာလာဂါ	အလာဗက်စ် ၁-၁	မာလာဂါ	၁၄:၀၀
နံနက် ၀၁း၃၀ နာရီ			မာလာဂါ ၀-၃	အလာဗက်စ်	ပွဲ-၂၇၄

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	တိုရီနို	- မွန်ဇာ	တိုရီနို ၁-၁	မွန်ဇာ	ပြီး
နံနက် ၀၁း၅၅ နာရီ			မွန်ဇာ ၀-၂	တိုရီနို	ပွဲ-၂၇၂

အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	ဘော်လ်တန်	- မစ်ဒယ်ဘရော	ဘော်လ်တန် ၀-၂	မစ်ဒယ်ဘရော	ခဲ့ပြီး
နံနက် ၀၁း၃၀ နာရီ			မစ်ဒယ်ဘရော ၂-၀	ဘော်လ်တန်	ပွဲ-၂၇၁

ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	ဗတုတ်	- ပိုချန်ဂလာဘတ်	ဗတုတ် ၁-၀	ပိုချန်ဂလာဘတ်	
နံနက် ၀၁း၀၀ နာရီ			ပိုချန်ဂလာဘတ် ၀-၃	ဗတုတ်	

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		ယမန်နေ့ ရလဒ်		
၂၄-၁၀-၂၀၂၆	ဘရက်စ်	- နိုစ်	ဘရက်စ် ၄-၁	နိုစ်	
နံနက် ၀၁း၁၅ နာရီ			နိုစ် ၂-၂	ဘရက်စ်	



ချောက်မြို့နယ်တွင် အပူရှောင်စခန်းဖွင့်လှစ်

ချောက် အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တွင် သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ အပူရှောင်နိုင်ရေး၊ အပူဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အပူရှောင်စခန်းကို အမှတ်(၁၁)ရပ်ကွက် မြို့လယ်သာသနာ့ဝိဓာန်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဦးဆောင်မှုဖြင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အောက်တိုဘာ ၂၀ရက် ညနေ ၃နာရီက စတင်ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

အပူရှောင်လာသည်သက်ကြီးဘိုးဘွားများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား စလင်းပရိယတ္တိစာသင်တိုက်၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကေသဝမှ သီလပေးတရားများချီးမြှင့်ပေးခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်က ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြဖောင်းက အယ်လ်နီညိုဖြစ်စဉ်ကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အကြောင်း အသိပညာပေးဟောပြောပေးခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးရဲထွတ်က အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆောင်ရန်၊ ရှောင်ရန်အချက်များနှင့်လိုက်နာဆောင်ရွက်ရမည့်အချက်များ ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ ကြက်ခြေနီသုနာပြုတပ်ဖွဲ့ဝင်များက အပူရှောင်လာသူများအား ဆီးဖျော်ရည်နှင့် ယပ်တောင်များ စီစဉ်ဆောင်ရွက်ထားရှိကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်၊ စာဝှေ့ငှားရမ်း၍ အပူဒဏ် အန္တရာယ်ကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင် ပြသကာ အပူဒဏ် အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး မြို့နယ်ကျန်းမာရေးဌာနမှ ဘိုးဘွားများအား ဆီးချို၊ သွေးချိုစစ်ပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ကျန်းမာရေးစစ်ဆေး၍ တိုင်းရင်းဆေးများ အခမဲ့ပေးအပ်ခြင်းများ စီစဉ်ဆောင်ရွက်ထားရှိပေးလျက်ရှိသည်။

အဆိုပါ အပူရှောင်စခန်းကို အပူချိန် မြင့်မားနေသည့် ကာလ တစ်လျှောက် နေ့စဉ် နံနက် ၁၀ နာရီမှ အပူချိန်လျော့ကျသည့် ညနေ ၅နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း အပူရှောင်စခန်းစတင်ဖွင့်လှစ်သည့် အောက်တိုဘာ ၂၁ ရက်တွင် အပူရှောင်လာသူ ၆၀ ဦးရှိကြောင်း သိရသည်။

(အမေါ်ဝဲပုံ)

ဝင်းအိမွန်(ပြန်/ဆက်)

ပိတ်ဆို့ရေမြောင်းများအား ဆယ်ယူခြင်း ဆောင်ရွက်

မန္တလေး အောက်တိုဘာ ၂၂

မန္တလေး၊ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်အတွင်း ပိတ်ဆို့နေသော ရေမြောင်းဆယ်ယူခြင်းများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးမှုကို မဟာအောင်မြေမြို့နယ် မြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ဒု-ကြီးကြပ်ရေးမှူး ဦးဝင်းဆွေ ဦးဆောင်၍ သန့်ရှင်းရေးဝန်ထမ်းများ၊ စိန်ပန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းလှိုင်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများပူးပေါင်း၍ စိန်ပန်းရပ်ကွက်အတွင်းရှိ ပိတ်ဆို့ရေမြောင်းများအား ရေစီးရေလာကောင်းမွန်စေရန်၊ သန့်ရှင်းသာယာလှပစေရန် ရပ်ကွက်နေပြည်သူများနှင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၅၆)

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ လိုက်လံကွင်းဆင်းစစ်ဆေး



မိုးညှင်း အောက်တိုဘာ ၂၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဟဲလုံခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်အဆင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးကြရာတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းဦးနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းကော်မတီအဖွဲ့ဝင်များနှင့် အတူ ကျေးရွာနေပြည်သူများမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ငွေစာရင်း ပုံစံစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်အဆင့် တာဝန်ရှိသူက အဆိုပါလုပ်ငန်းများ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ စီမံကိန်းရန်ပုံငွေများ အလွဲသုံးစားမှုမရှိစေရေးအတွက် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဟဲလုံခေတ်မီစံပြကျေးရွာ၌ ယခုဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအား (၁၀)ကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ဦး အား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၆၅၀ကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အမေါ်ပုံ)**

ရွှေမိုးညှင်း

ယူနိုပါလိပ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိပ်အဆင့် အနိုင်၊ အရှုံး				NGB
ဂျူပင်တပ်	၂	-	၂	ရင်းနှက်စ်
စတပ်ဟက်ဂင်	၁	-	၀	မာဆေးလ်
လက်ခ်ပိုင်နန်	၁	-	၁	ဆန်ဒါးလန်း

ကွန်ဗရင်္ဂလိပ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိပ်အဆင့် အနိုင်၊ အရှုံး				NGB
အေဂျက်စ်	၂	-	၀	အတ္တလန္တာ
ဘရာဂါ	၂	-	၀	ဂျန်နိစ်
မိုနာကို	၃	-	၀	ဖရိုင်းဘတ်

မိုးစပါး(အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

သရက် အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၌ မိုးစပါး(အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက် ၈ နာရီက ကိုးပင်ကျေးရွာအုပ်စု၊ မူဆလီကျေးရွာ ကွင်းအမှတ်(၅၂)တွင် ကျင်းပခဲ့သည်။

ကွင်းသရုပ်ပြပွဲကို မူဆလီကျေးရွာ ကွင်းအမှတ်(၅၂)၊ ဦးပိုင်-၂၅၃၃၊ တောင်သူ ဦးလှသိန်း၏လယ်မြေတွင် မိုးစပါး(အောင်နိုင်တိုး) အကွက်ကျယ် စံကွက်(၀ ဒသမ ၁၀)ကေရိတ် သိမ်းပွဲ ဆောင်ရွက်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့် မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင် ရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင် များ၊ တောင်သူများ စုစုပေါင်း ၇၅ ဦး တက် ရောက် ခဲ့ ပြီး စံ ကွက် အထွက်နှုန်း ၁၁၂ တင်း ထွက်ရှိခဲ့သည်။ Radiation အထွက်ငယ်များကိုလည်း(၆ ဒသမ ၆)ပေ ပတ်လည်များ ရိတ်သိမ်း၍ အထွက်နှုန်းတိုင်းတာခဲ့ရာ (100w/30s)သည် တစ်ဧကအထွက်နှုန်း(၁၃၂ ဒသမ ၃၄)တင်းနှုန်းဖြင့် အများဆုံးထွက်ရှိခဲ့ပါသည်။

သရက်မြို့နယ်တွင် မိုးစပါး(၁၇၅၂၉)ဧက စိုက်ပျိုးခဲ့ပြီး မိုးစပါးပြီးလျှင် ဆောင်းကုလားပဲ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မောင်လှလင်(သရက်)

၀-၀-၀-၀-၀

သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ၃၀-၄-၂၀၂၆ ရက်နေ့တွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ် အားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်က မေတ္တာစေတနာထားသောအားဖြင့်လည်းကောင်း နေပြည်တော်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်အား ကျန်ရှိသည့် ပြစ်ဒဏ်များကို သတ်မှတ်ထားသည့်နေအိမ်၌ ဆက်လက်ကျခံစေရန် ပြောင်းလဲသတ်မှတ်ပေးခဲ့ပါသည်။

၃-၈-၂၀၂၆ ရက်နေ့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaude De Baqque နှင့်တွေ့ဆုံခွင့်ပြုခဲ့ပါသည်။ ၁၉-၁၀-၂၀၂၆ ရက်နေ့တွင် ဖြိတ်နိုနိုင်ငံ၊





တတိယမြောက် ချားလ်စ်ဘုရင်က ပေးပို့သည့် စာအုပ် ၂ အုပ်၊ အိတ်ပိတ်စာအိတ် ၁ အိတ်နှင့် သံတမန်အိတ်ပိတ်စာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက်တွေ့ဆုံပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်သည် ဒေါ်အောင်ဆန်းစုကြည်အား လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)လုပ်ငန်းစဉ်များအရ လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာအတွင်းက ဆောင်ရွက်ပိုင်ခွင့်ရှိသော အထူးကိစ္စရပ် အနေဖြင့်လည်းကောင်း အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ကို ၎င်း၏သားဖြစ်သူ ကင်မ်အဲရစ် (ခ) ကိုထိန်လင်းနှင့် ၂၂-၁၀-၂၀၂၆ ရက်နေ့၊ ၁၄၃၀ အချိန်မှ ၁၄၅၀ အချိန်အထိ လန်ဒန်မြို့ရှိမြန်မာသံရုံးမှတစ်ဆင့် စကားပြောကြေးနန်းဖြင့် ကောင်စစ်ဆိုင်ရာ ဆက်သွယ်ပြောဆိုမှုပြုလုပ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်

အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့သည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံမှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေး

နေပြည်တော် အောက်တိုဘာ ၂၂

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှောဂုတိုက်ခိုက်မှုများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ခြင်းများကို ဥပဒေမဲ့ ယုတ်မာရိုင်းစိုင်းစွာကျူးလွန်လျက်ရှိကြပြီး စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်အချိန်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်း (Control Room)ပေါ်သို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb နှစ်လုံးဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ဆောင်နိုင်ကြီးခွဲရုံမှ ဓာတ်အားပေးထားသော ဆောင်နိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေးနှင့် ဝင်းကလောကျေးရွာများတွင် ဓာတ်အားပြတ်တောက်ခဲ့သည်။

အဆိုပါ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ၃၃ ကေဗွီ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများသည် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းပြီး အောက်တိုဘာ ၁၉ ရက်တွင် ပုံစံထိမှန်ပျက်စီးခဲ့သော Control Room အတွင်း ဆက်သွယ်ထားသည့် ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ထိန်းချုပ် (Control) ကေဘယ်လ်ကြိုးများ၊ ၁၁ ကေဗွီ Station ဖီဒါရှိ Power Cable များကို ပြန်လည်ပြုပြင်ခြင်း၊ လိုအပ်သော ပစ္စည်းများအသစ် အစားထိုးပြုပြင်တပ်ဆင်ခြင်းများနှင့် အဆောက်အအုံအတွင်း ထိခိုက်ပျက်စီးမှုများကို ပြုပြင်ခြင်းများဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးခဲ့ပြီး ဆောင်နိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေးနှင့် ဝင်းကလော ကျေးရွာများတွင် ယင်းနေ့ ညနေပိုင်းတွင် ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်



၃၃ ကေဗွီ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံရှိ Control Room ဘေးသို့ ၁ရုန်းပုံးနှစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် ခွဲရုံမျက်နှာကြက်၊ ပြတင်းပေါက်အပေါ်မှန် ကိုးချပ်နှင့် တံခါးရွက်မှန် ရှစ်ချပ် ဖြိုကျပျက်စီးမှုကို တွေ့ရစဉ်။



၃၃ ကေဗွီ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံရှိ Control Room ဘေးသို့ ၁ရုန်းပုံးနှစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် ခွဲရုံထရန်စဖော်မာ Panel အတွင်းသို့ ပုံးစဝင်ရောက်ထိမှန်၍ Control Cable များ ပျက်စီးမှုကို တွေ့ရစဉ်။



၃၃ ကေဗွီ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံရှိ Control Room ဘေးသို့ ၁ရုန်းပုံးနှစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် ၁၁ ကေဗွီ Station Feeder 3C x 95 mm² Cu Cable ပျက်စီးမှုကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်



လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၅ ရာခိုင်နှုန်းပြီးစီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံလေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် နှစ်လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား ခိုမိနင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



နတ်မောက်မြို့၌ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ စစ်ဆေးခြင်းနှင့်လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ

နတ်မောက် အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်မီးသတ်ဦးစီးဌာနက မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ စစ်ဆေးခြင်းနှင့်လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းကို အောက်တိုဘာ ၁၉ ရက် ညနေ ၃ နာရီက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာန



ဒုတိယဦးစီးမှူး ဦးသူရက အပူရှိန်ပြင်းသော ရာသီကာလတွင် ပြည် သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို မီးလောင်မှုအန္တရာယ် မကျရောက်စေရန် ရည်ရွယ်၍ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကို မလိုလားအပ်သော မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအသိပညာပေးဟောပြောခြင်း၊ စက်သုံးဆီအရောင်းဆိုင်များတွင် မီးငြိမ်းသတ်ဆေးရည်ဘူးများရှိ/မရှိဆိုသို့လောင်စာကန်များစနစ်တကျထားရှိမှု ရှိ/မရှိ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြပြီးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်ရှိ ဝန်ထမ်းများအားမီးသတ်ဆေးဘူးအသုံးပြု၍မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းများကို လက်တွေ့ပြသခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွာတောလေးကျေးရွာ၌ အောက်တိုဘာ ၂၂ ရက်က တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်စဉ်။

လဲ့လဲ့ခိုင်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာရှိ ကွင်းအမှတ်(၆၅၄-က)၊ ဦးပိုင်အမှတ်(၂/၃)၊ ဧရိယာ(၁၀ ဒသမ ၁၀)ဧကအတွင်းမွခွဲစိတ်၍ ဆက်ဝင်စာချုပ်များအရ ရောင်းချသူပိုင်ဆိုင်သော မြေကွက်အမှတ်(E-7)၊ မြေအကျယ်ပေ(၅၀×၅၀) (အုတ်တံတိုင်းခတ်ပြီး) မြေကွက်နှင့် (၂)ထပ်တိုက်အိမ် မြေကွက်အား ဆက်ဝင်စာချုပ်များအရ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဒေါ်စုမြတ်နိုင်(၃/မဝတ(နိုင်)၀၇၀၁၃၄)ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ဒေါ်စုမြတ်နိုင်မှ လွဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းရာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာမာဆွေ(၉/မရမ(နိုင်)၀၁၈၇၆၆)မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်မာမာဆွေ
(၉/မရမ(နိုင်)၀၁၈၇၆၆)

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုံးမမထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၃၇)
ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့။
ဖုန်း ၀၉-၇၉၄၁၅၅၇၀

ပန္တလေးမြို့၊ ချမ်းမြသာညီမြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(F)၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧကအကျယ်အဝန်းရှိသော ဦးအောင်သန်း အမည်ပေါက် ဂရန်းမြေကွက်၏ မြောက်ဘက်ခြမ်း ဧရိယာ(၁၀၃၀×၄၅၀)ပေ အကျယ်အဝန်းရှိသော ဂရန်းမြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်သန်း(ဘ)ဦးတော(၉/မရတ(နိုင်)၀၈၈၂၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-
ဒေါ်ခင်နီနီစိုး (LL.B)
(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)
Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။
ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029
ladylawyer.khinninisoe@gmail.com

ကြော်ငြာစာ (နိမိတ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၆၈-၅)၊ ဦးပိုင်အမှတ်(၂၆) မြေကွက်ပေါ်တွင် ဒေါ်ထိုက်ထိုက် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၁၁၃၃၁၁)က နံကပ်(၁)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ဖြည့်စွက်ဖတ်ရှုပါရန် ၁၅-၇-၂၀၂၆ ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၁၆) အကွက်(အ-၁၉)၊ ဦးပိုင်(၁၄)ကြော်ငြာစာတွင် ဒေါ်ခင်ဦး(၉/မရမ(နိုင်)၀၆၄၁၃၉)(၄၄၈၏ GP ရရှိသူ ဒေါ်သီရိရွှေစင်) ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ဂရန်းမြေကြော်ငြာစာ

ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားစွဲခံရခြင်းများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့် အကြောင်းအရာ	အမှတ်စဉ်အမှတ်
	အမည်/ မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်		
၁။	ဦးကျော်စံဝင်း(၉/မရတ(နိုင်)၀၆၉၃၁၀)	၀၁လမ်း၊ ၁၂လမ်းနှင့်၁၃လမ်းကြား၊ ပြည်လုံးချမ်းသာ	ဦးကျော်စံဝင်း	အောင်မြေသာစံ	၅၂	၇၁-ဃ	သက်တမ်းတိုး	၃၀၀၅၅/၂၀၂၆-၂၀၂၇
၂။	ဦးဝဏ္ဏိုးမောင်(၉/ဒအဇ(နိုင်)၀၁၄၂၉၉)	၃၃လမ်း၊ ၇၀လမ်းနှင့်၇၂လမ်းကြား၊ ရန်ဖြိုလုံ	ဦးဝဏ္ဏိုးမောင်	ချမ်းအေးသာစံ	၇၄၄	၁၂၄-က	သက်တမ်းတိုး	၃၀၀၂၂/၂၀၂၆-၂၀၂၇
၃။	ဦးတက်မိသိန်း(၉/မရမ(နိုင်)၀၂၉၀၀၃)၊ ဒေါ်ကြည်ကြည်(၉/မရမ(နိုင်)၀၆၇၉၀၃)	၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၆လမ်းနှင့်၇၇လမ်းကြား၊ ဟေမာဇလ	ဦးတက်မိသိန်း(ပါ-၂)	ချမ်းအေးသာစံ	၆၀၉	၃၉-က	သက်တမ်းတိုး	၃၀၀၆၆/၂၀၂၆-၂၀၂၇
၄။	MANDALAR YADANABON HEALTHCARE COMPANY LIMITED	၃၂လမ်းနှင့်၃၃လမ်းကြား၊ ၆၀လမ်းနှင့်၆၉လမ်းကြား၊ ပါတ်ကုန်းဈေးတွင်း	ဦးအိလ်ရာဇ်(၁)စိုးမြင့်	ချမ်းအေးသာစံ	၇၆၀	၁၃	အမည်ပြောင်း	၃၀၀၇၂/၂၀၂၆-၂၀၂၇
၅။	MANDALAR YADANABON HEALTHCARE COMPANY LIMITED	၃၃လမ်း၊ ၆၀လမ်းနှင့်၆၉လမ်းကြား၊ ပါတ်ကုန်းဈေးတွင်း	ဦးအိလ်ရာဇ်(၁)စိုးမြင့်	ချမ်းအေးသာစံ	၇၆၀	၁၀-၁	အမည်ပြောင်း	၃၀၀၇၃/၂၀၂၆-၂၀၂၇
၆။	ဦးစိန်အုန်း(၁၂/မရက(နိုင်)၀၅၄၅၉၉)	၃၀လမ်းနှင့်၃၉လမ်းကြား၊ ၆၂လမ်းနှင့်၆၅လမ်းကြား၊ ဂျွန်ဖေတာင်	ဦးစိန်အုန်း	ပထောင်မြေ	၈-၆၅	၁၀	သက်တမ်းတိုး	၃၀၀၅၈/၂၀၂၆-၂၀၂၇
၇။	ဦးတင်အောင်(၉/မနတ(နိုင်)၀၆၆၂၅၆)	အောင်ရတနာလမ်းနှင့်အေးချမ်းသာယာလမ်းကြား၊ သားသတ်ရုံလမ်းနှင့် မြို့ပတ်ကမ်းနားလမ်းကြား၊ သံလျက်ဝမ်းအနောက်	ဦးတင်အောင်	ပထောင်မြေ	၄၀၂	၆-ဃ	သက်တမ်းတိုး	၃၀၀၆၀/၂၀၂၆-၂၀၂၇
၈။	ဦးစိုင်းပြည့်စုံလင်း(၉/ဒအဇ(နိုင်)၀၅၁၉၃၉)	၃၆လမ်းနှင့်၃၇လမ်းကြား၊ လမ်း၆၀နှင့်မူလေး-မတ္တရာရထားလမ်းကြား၊ ပထမြိုင်(၂)	ဦးစိုင်းပြည့်စုံလင်း	ပထောင်မြေ	ပ-၉	၁၀	သက်တမ်းတိုး	၃၀၀၃၀/၂၀၂၆-၂၀၂၇
၉။	ဒေါ်လွန်ခင်(၁၁)ခင်ခင်ဝင်း(၁၃/ကမန(ဧည်)၀၀၀၁၇၆)	၃၁လမ်းနှင့်၃၂လမ်းကြား၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ ပထမြိုင်(၁)	ဦးအောင်ခင်(၁)ပါလေး	ပထောင်မြေ	၉-၅၅	၄၃-၁	အမည်ပြောင်း	၃၀၀၃၀/၂၀၂၆-၂၀၂၇
၁၀။	ဦးညွန့်လွင်(၉/မကန(နိုင်)၀၀၀၄၂၄)	၃၆လမ်း၊ ၇၆လမ်းနှင့်၇၇လမ်းကြား၊ ဂျွန်ဖေတာင်	ဦးသက်နိုင် (ပါ-၂)	ပထောင်မြေ	ပ-၇၂/၁	၅+၂၀	အမည်ပြောင်း	၃၀၀၃၁/၂၀၂၆-၂၀၂၇
၁၁။	MAHAR YE MON COMPANY LIMITED	၄၂လမ်းနှင့်၄၃လမ်းကြား၊ ၅၅လမ်းနှင့်၅၉လမ်းကြား၊ ဂျွန်ဖေတာင်	ဦးဝေယျဉ်ထက်ကို	ပထောင်မြေ	ပ-၂၇	၃၄	အမည်ပြောင်း	၃၀၀၃၄/၂၀၂၆-၂၀၂၇
၁၂။	ဦးစက်ထက်သိန်း(၁/တနန(နိုင်)၀၀၉၇၅၁)	၄၂လမ်းနှင့်၄၃လမ်းကြား၊ ၆၅လမ်းနှင့်၆၆လမ်းကြား၊ ပထမန္တယ်စဉ်	ဦးတာချိစ်(၁)ဟောင်းလေး	ပထောင်မြေ	၈-၉	(၄၁+၄၃)အတွင်း ၄ (၄၄)ခဲစင်း	ဦးပိုင်ခွဲ၊ အမည်ပြောင်း	၃၀၀၉၉/၂၀၂၆-၂၀၂၇
၁၃။	ဒေါ်ယုယုငယ်(၁၃/လဒတ(နိုင်)၀၀၀၀၀၆)	၃၅လမ်းနှင့်၃၆လမ်းကြား၊ ၆၉လမ်းနှင့်၇၀တောင်းမြောင်းကြား၊ ပထန္တယ်စဉ်	ဒေါ်အုန်းအုန်းမြင့်	ပထောင်မြေ	၄၃၃-က/အပိုင်း-၅	၁၅ / ၃၅	သက်တမ်းတိုး၊ အမည်ပြောင်း	၃၀၀၉၉/၂၀၂၆-၂၀၂၇
၁၄။	ဒေါ်ကံတာဦးသိန်းထွန်း(၁၀/မလမ(နိုင်)၀၁၇၃၇၀)	၃၅လမ်းနှင့်၃၆လမ်းကြား၊ ၆၉လမ်းနှင့်၇၀တောင်းမြောင်းကြား၊ ပထန္တယ်စဉ်	ဒေါ်ယဉ်ယဉ်	ပထောင်မြေ	၄၃၃-က/အပိုင်း-၅	၁၅ / ၄၀	သက်တမ်းတိုး၊ အမည်ပြောင်း	၃၀၀၆၇/၂၀၂၆-၂၀၂၇
၁၅။	ဒေါ်တင်ဝင်း(၉/မနတ(နိုင်)၀၇၁၅၀၀)	၅၀လမ်း၊ ၁၀၆လမ်းနှင့်၁၀၇လမ်းကြား၊ ကံသာယာ	ဒေါ်တင်ဝင်း	ချမ်းမြသာစည်	ဆ၁၁-၂	၃၀	သက်တမ်းတိုး	၃၀၀၃၇/၂၀၂၆-၂၀၂၇
၁၆။	ဒေါ်အေးမြင့်(၁)အေးအေးမြင့်(၉/မရတ(နိုင်)၀၀၆၃၆၁)	၆၁လမ်း၊ ၁၁၀လမ်းနှင့်၁၁၁လမ်းကြား၊ မြို့သစ်-၄	ဒေါ်အေးမြင့်(၁)အေးအေးမြင့်	ချမ်းမြသာစည်	၀-၂	၅၇	သက်တမ်းတိုး	၃၀၀၄၄/၂၀၂၆-၂၀၂၇
၁၇။	ဒေါ်ဌေစိန်(၁၃/နဝန(နိုင်)၀၃၅၉၀၇)	၅၀လမ်းနှင့်၅၅လမ်းကြား၊ ၁၀၉လမ်းနှင့်၁၁၀လမ်းကြား၊ ကံသာယာ	ဒေါ်ဌေစိန်	ချမ်းမြသာစည်	C (စီ)	၅၅	သက်တမ်းတိုး	၃၀၀၆၀/၂၀၂၆-၂၀၂၇
၁၈။	ဒေါ်ဌေစိန်(၁၃/နဝန(နိုင်)၀၃၅၉၀၇)	၅၀လမ်းနှင့်၅၅လမ်းကြား၊ ၁၀၉လမ်းနှင့်၁၁၀လမ်းကြား၊ ကံသာယာ	ဒေါ်ဌေစိန်	ချမ်းမြသာစည်	C (စီ)	၅၆	သက်တမ်းတိုး	၃၀၀၆၁/၂၀၂၆-၂၀၂၇
၁၉။	ဒေါ်အမာရင်(၉/မရမ(နိုင်)၀၂၀၀၅၅)	၇၆လမ်းနှင့်၇၇လမ်းကြား၊ ၁၁၀လမ်းနှင့်၁၁၁လမ်းကြား၊ ထွန်တုံး	ဒေါ်အမာရင်	ချမ်းမြသာစည်	၈၀-၀	၄၂-က	သက်တမ်းတိုး	၃၀၀၂၂/၂၀၂၆-၂၀၂၇
၂၀။	ဒေါ်တင်တင်ဦး(၉/မနတ(နိုင်)၀၀၃၄၂၀)၊ ဒေါ်မြမြသင်း(၁)မိုးမိုးသွယ်(၁၃/လရန(နိုင်)၁၃၀၆၄၃)	၇၇လမ်းနှင့်၁၁၅လမ်းထောင့်၊ မြေညနေနာ	ဒေါ်တင်တင်ဦး (ပါ-၂)	ချမ်းမြသာစည်	၈၆-၀	၁	သက်တမ်းတိုး	၃၀၀၆၅/၂၀၂၆-၂၀၂၇
၂၁။	ဦးအောင်ဝင်းနိုင်(၉/မရမ(နိုင်)၀၁၉၉၄၃)	၅၂လမ်းနှင့်၅၃လမ်းကြား၊ ၁၀၄လမ်းနှင့်၁၀၈လမ်းကြား၊ ထွန်တုံး	ဦးအောင်ဝင်းနိုင်	ချမ်းမြသာစည်	၈၀-၀	(၄၈)ခဲစင်း	ဦးပိုင်ခွဲ	၃၀၀၇၅/၂၀၂၆-၂၀၂၇
၂၂။	ဦးအောင်ဝင်းနိုင်(၉/မရမ(နိုင်)၀၁၉၉၄၃)	၅၂လမ်းနှင့်၅၃လမ်းကြား၊ ၁၀၄လမ်းနှင့်၁၀၈လမ်းကြား၊ ထွန်တုံး	ဦးအောင်ဝင်းနိုင်	ချမ်းမြသာစည်	၈၀-၀	(၄၈)ခဲစင်း	ဦးပိုင်ခွဲ	၃၀၀၇၆/၂၀၂၆-၂၀၂၇
၂၃။	ဒေါ်စန္ဒာမျိုး(၉/စကန(နိုင်)၀၀၀၀၃၃)	၇၂လမ်းနှင့်၇၃လမ်းကြား၊ ၁၀၉လမ်းနှင့်၁၁၀လမ်းကြား၊ မြို့သစ်-၂	ဦးထိန်ဝင်း	ချမ်းမြသာစည်	ဆ-၉	၂၀-၁	အမည်ပြောင်း	၃၀၀၆၆/၂၀၂၆-၂၀၂၇
၂၄။	ဒေါ်သဲနုဇင်စိုး(၆/မကန(နိုင်)၁၅၂၁၄၆)	၆၃လမ်းနှင့်၆၄လမ်းကြား၊ ၁၀၃လမ်းနှင့်၁၀၄လမ်းကြား၊ မြို့သစ်-၁	ဦးနေမျိုးကျော်	ချမ်းမြသာစည်	ဂ-၅	၇၀	အမည်ပြောင်း	၃၀၀၇၁/၂၀၂၆-၂၀၂၇
၂၅။	ဦးဝင်း(၉/နထက(နိုင်)၀၁၀၃၅၄)	၁၄လမ်းနှင့်၁၅လမ်းကြား၊ ၁၀၆လမ်းနှင့်၁၀၇လမ်းကြား၊ အောင်ပင်လယ်	ဦးဝင်း	ချမ်းမြသာစည်	ဆ၁၁-၆	၀၅-၁	တောမျိုမြို့ပြောင်း၊ သက်တမ်းတိုး	၃၀၀၇၀/၂၀၂၆-၂၀၂၇
၂၆။	ဒေါ်လွေးအောဌေး(၁၃/နဝန(နိုင်)၀၀၀၁၀၃)	၃၀လမ်းနှင့်၃၉လမ်းကြား၊ ၁၀၇လမ်းနှင့်၁၀၈လမ်းကြား၊ ထွန်တုံး	တပ်သားကျော်စိုး	ချမ်းမြသာစည်	၈၀-၁၂	၅၇	တောမျိုမြို့ပြင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း	၃၀၀၄၄/၂၀၂၆-၂၀၂၇
၂၇။	ဦးဟုတ်ကျော်(၁၀)ဝင်းမြင့်(၉/မရမ(နိုင်)၀၅၅၉၉၀)	၆၇လမ်းနှင့်၆၈လမ်းကြား၊ ၁၃၅လမ်းနှင့်၁၃၆လမ်းကြား၊ (၅၂)	ဦးဟုတ်ကျော်(၁၀)ဝင်းမြင့်	ပြည်ကြီးတံခွန်	ပပ-၂၉	၁၂	သက်တမ်းတိုး	၃၀၀၀၀/၂၀၂၆-၂၀၂၇
၂၈။	ဦးဟုတ်ကျော်(၁၀)ဝင်းမြင့်(၉/မရမ(နိုင်)၀၅၅၉၉၀)	၆၇လမ်းနှင့်၆၈လမ်းကြား၊ ၁၃၅လမ်းနှင့်၁၃၆လမ်းကြား၊ (၅၂)	ဦးဟုတ်ကျော်(၁၀)ဝင်းမြင့်	ပြည်ကြီးတံခွန်	ပပ-၂၉	၁၃	သက်တမ်းတိုး	၃၀၀၀၁/၂၀၂၆-၂၀၂၇
၂၉။	ဒေါ်ဝင်းဝင်းဆွေ(၁၃/ကမန(နိုင်)၀၅၂၃၇၂)၊ ဒေါ်နွယ်နီဝင်း(၁၃/ကမန(နိုင်)၁၅၁၁၂၉)၊ ဒေါ်သန်းသန်းဆွေ(၁၃/ကမန(နိုင်)၀၉၉၅၁၀၆)	၆၅လမ်းနှင့်၆၆လမ်းကြား၊ ၁၀၆လမ်းနှင့်၁၀၇လမ်းကြား၊ (၁)	ဒေါ်ခင်ဟာရီ	ပြည်ကြီးတံခွန်	ဟ-၀	၉၇	အမည်ပြောင်း	၃၀၀၇၉/၂၀၂၆-၂၀၂၇

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်ဓာတ်စီစစ်ခန်းခွဲမှဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်၊ ကွင်းအမှတ် (၄၉၈-က/ကျိုက်နန်း)၊ ဦးပိုင်(၂၈၇+၂၈၈)၊ ဧရိယာ(၀ ဒသမ ၁၁)ဧက ဦးဘို အမည်ဖြင့် ဂန္ဓမြေအတွင်းမှ ဦးပိုင်(၂၈၈)၊ အနောက်ဘက်ခြမ်း ပေ(၃၀×၄၀)မြေ၊ ဦးဘို အမည်ဖြင့် ဂန္ဓမူရင်း၊ မြေပုံ ၁၀၅ မိတ္ထူ။ မှတ်ပုံတင်ဆက်စပ်စာချုပ်မူရင်း မိတ္ထူများနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသည့် ဒေါ်မြင့်မော်မော်ထွန်း(၉/စကန(နိုင်)၀၈၈၃၉၃) ကိုင်ဆောင်သူထံမှ ဦးဇော်မိုးအောင်(၉/မရတ(နိုင်)၁၃၀၆၀၆)ကိုင်ဆောင်သူသည် ဝယ်ယူရန်အတွက် စဂန္ဓငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း နိုင်လုံသည့်တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံမှတစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဦးစော်မိုးအောင်၏ လွှဲအပ်ချက်အရ

ဦးစာထီဟိန်း LL.B၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၀၇)

မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဆက်သွယ်ရန် ဖုန်း ၀၉-၇၉၇၉၇၆၇၂

ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈၉-၅၂)၊ ဦးပိုင်အမှတ်(၆၃+၆၄) မြေကွက်ပေါ်တွင် ဒေါ်ကျောက်ကျားချင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၂၃၄၉၃)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀/ဘ)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ (၃ ဒသမ ၉၂၅)ဧကနှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ဧက အကျယ်အဝန်းရှိ ဂန္ဓမြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limited မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁၆)၊ အလွှာ(၈)၊ အခန်းအမှတ်(၈၀၁)၊ (၉၂၅)စတုရန်းပေ အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းများတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသော ဦးထွန်းလင်းစိုး (ဘ)ဦးစိုးညွှန့်(၂/လကန(နိုင်)၀၀၀၆၈၂) ထံမှ ဒေါ်ဇင်သက်မွန် (ဘ)ဦးမောင်ဝင်း(၈/မမန(နိုင်)၁၅၆၆၇၇)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပွင့်ရည်ဦး(ဓ)ချောချော

(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၈၉၉၉)

လမ်းဖဝ၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊

ချမ်းအေးသာဓမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၄၉၀/ခ)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ (၃ ဒသမ ၉၂၅)ဧကနှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ဧက အကျယ်အဝန်းရှိ ဂန္ဓမြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limited မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁၆)၊ အလွှာ(၈)၊ အခန်းအမှတ်(၈၀၁)၊ (၉၂၅)စတုရန်းပေ အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းများတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသော ဦးထွန်းလင်းစိုး (ဘ)ဦးစိုးညွှန့်(၂/လကန(နိုင်)၀၀၀၆၈၂) ထံမှ ဒေါ်ဇင်သက်မွန် (ဘ)ဦးမောင်ဝင်း(၈/မမန(နိုင်)၁၅၆၆၇၇)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပွင့်ရည်ဦး(ဓ)ချောချော

(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၈၉၉၉)

လမ်းဖဝ၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊

ချမ်းအေးသာဓမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂွေတော်ကျိုက်နန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၁)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးခင်ဇော်၊ ဒေါ်စုဆောင် အမည်ပေါက် ဂန္ဓမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော ဦးကြည်သျှန်ထက် (ဘ)ဦးအောင်သျှန်(၅/ဘတလ(နိုင်)၀၆၅၀၈၉)၊ ဦးအောင်ကျော်နိုး (ဘ)ဦးတက်မြင့်(၉/တတဉ(နိုင်)၁၁၃၀၀၇၅)၊ ဦးအောင်မြတ်လင်း (ဘ)ဦးဌေးလင်း (၈/မသန(နိုင်)၈၆၆၈၈၅)ကိုင်ဆောင်သူတို့ထံမှ ဂန္ဓနှံပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဂန္ဓနှံပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဒေါ်တင်ရီလာဝင်း

တရားလွှတ်တော်ရှေ့နေ

ဦးကျော်လှိုင်ဝင်း ဒေါ်စီစီခိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်ဗိမိကျော်

(တရားလွှတ်တော်ရှေ့နေများ)

အကွက်(ယ-၆/ ၂၃)၊ ၆၇လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁လမ်းကြား၊ (က)ရပ်ကွက်၊

ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

